
ငွေရအောင်
သတင်းစာ၊ ဂျာနယ်၊ မဂ္ဂဇင်း၊
ဝတ္ထုများကို
ဘယ်ပုံရေးရမည်ဟု
လက်တွေ့ဖော်ပြ လမ်းညွှန်ထားသည့်
နာမည်ကျော်စာရေးဆရာဖြစ်နည်းကျမ်း

SEIKKU CHO CHO

ငွေရအောင်
သတင်းစာ၊ ဂျာနယ်၊ မဂ္ဂဇင်း၊
ဝတ္ထုများကို
ဘယ်ပုံရေးရမည်ဟု
လက်တွေ့ဖော်ပြ လမ်းညွှန်ထားသော

# ကလောင်နှင့်ငွေရ

**စိ–မိုးနှင်း**



**ဒို့တာဝန်အရေးသုံးပါး**

| | |
|---|---|
| ပြည်ထောင်စု မပြိုကွဲရေး | ဒို့အရေး |
| တိုင်းရင်းသားစည်းလုံးညီညွတ်မှု မပြိုကွဲရေး | ဒို့အရေး |
| အချုပ်အခြာအာဏာတည်တံ့ခိုင်မြဲရေး | ဒို့အရေး |

**ပြည်သူ့သဘောထား**

* ပြည်ပအားကိုး ပုဆိန်ရိုး အဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ။
* နိုင်ငံတော် တည်ငြိမ်အေးချမ်းရေးနှင့် နိုင်ငံတော်တိုးတက်ရေးကို နှောင့်ယှက်ဖျက်ဆီးသူများအား ဆန့်ကျင်ကြ။
* နိုင်ငံတော်၏ ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက်နှောင့်ယှက်သော ပြည်ပနိုင်ငံများအား ဆန့်ကျင်ကြ။
* ပြည်တွင်းပြည်ပ အဖျက်သမားများအား ဘုံရန်သူအဖြစ် သတ်မှတ်ချေမှုန်းကြ။

**နိုင်ငံရေးဦးတည်ချက် (၄) ရပ်**

* နိုင်ငံတော်တည်ငြိမ်ရေး၊ ရပ်ရွာအေးချမ်းသာယာရေးနှင့် တရားဥပဒေ စိုးမိုးရေး၊
* အမျိုးသားစည်းလုံးညီညွတ်မှုခိုင်မာရေး၊
* စည်းကမ်းပြည့်ဝသောဒီမိုကရေစီစနစ်ရှင်သန်ခိုင်မာအောင်တည်ဆောက်ရေး၊
* ဖွဲ့စည်းပုံအခြေခံဥပဒေနှင့်အညီ ခေတ်မီဖွံ့ဖြိုး တိုးတက်သော နိုင်ငံတော်သစ် တည်ဆောက်ရေး၊

**စီးပွားရေးဦးတည်ချက် (၄) ရပ်**

* စိုက်ပျိုးရေးကို ပိုမိုဖွံ့ဖြိုးတိုးတက်အောင် ဆောင်ရွက်ပြီး ခေတ်မီစက်မှုနိုင်ငံထူထောင်ရေး နှင့် အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင်တည်ဆောက်ရေး၊
* ဈေးကွက်စီးပွားရေးစနစ် ပီပြင်စွာဖြစ်ပေါ်လာရေး၊
* ပြည်တွင်းပြည်ပမှ အတတ်ပညာနှင့်အရင်းအနှီးများဖိတ်ခေါ်၍ စီးပွားရေး ဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး၊
* နိုင်ငံတော်စီးပွားရေးတစ်ရပ်လုံးကို ဖန်တီးနိုင်မှုစွမ်းအားသည် နိုင်ငံတော် နှင့် တိုင်းရင်းသားပြည်သူတို့၏ လက်ဝယ်တွင်ရှိရေး၊

**လူမှုရေးဦးတည်ချက် (၄) ရပ်**

* တစ်မျိုးသားလုံး၏စိတ်ဓာတ်နှင့် အကျင့်စာရိတ္တမြင့်မားရေး၊
* အမျိုးဂုဏ်၊ ဇာတိဂုဏ်မြင့်မားရေးနှင့် ယဉ်ကျေးမှုအမွေအနှစ်များ အမျိုးသားရေးလက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး၊
* စစ်မှန်သော မျိုးချစ်စိတ်ဓာတ်ဖြစ်သည့် ပြည်ထောင်စုစိတ်ဓာတ်ရှင်သန်ထက်မြက်ရေး၊
* တစ်မျိုးသားလုံးကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည်မြင့်မားရေး၊



စိတ်ကူးချိုချိုစာအုပ်

# ကလောင်နှင့်ငွေရ
# ပီ–မိုးနှင်း

ပထမအကြိမ်

ကလောင်နှင့်ငွေရ
ပီ-မိုးနှင်း

ပုံနှိပ်မှတ်တမ်း

| | | |
|---|---|---|
| စာမူခွင့်ပြုချက်အမှတ် | - | ၄၀၀ ၆၈၆ ၀၅၁၁ |
| မျက်နှာဖုံးခွင့်ပြုချက်အမှတ် | - | ၄၀၁ ၃၁၉ ၁၁၁ |
| ထုတ်ဝေသူ | - | ဦးစန်းဦး |
| ပုံနှိပ်သူ | - | ဒေါ်ဝင်းမာ |
| မျက်နှာဖုံးဒီဇိုင်း | - | အမ်အက်စ်အို |
| ကွန်ပျူတာစလင် | - | အီးဂဲလ် |
| လက်ခွဲစလင် | - | အောင်ကျော် |
| စာအုပ်ချုပ် | - | သစ္စာ |

ပီ-မိုးနှင်း
ကလောင်နှင့်ငွေရ / ပီ-မိုးနှင်း၊ -ရန်ကုန်၊
စိတ်ကူးချိုချိုစာပေ၊ ၂၀၁၂။
စာမျက်နှာ ၄၀ မျက်နှာ၊
၁၂.၅ စင်တီ× ၁၈.၅ စင်တီ
(၁) ကလောင်နှင့်ငွေရ

၂၀၁၂၊ ဖေဖော်ဝါရီလ၊ အုပ်ရေ ၅၀၀
ရောင်းဈေး ၆၀၀ ကျပ်

ငွေရအောင်၊ သတင်းစာ၊ ဂျာနယ်၊ မဂ္ဂဇင်း ဝတ္ထုများကို
ဘယ်ပုံရေးရမည်ဟု လက်တွေ့ဖော်ပြထားသော
ဆရာပီမိုးနှင်း၏

# ကလောင်နှင့်ငွေရ



## ပီမိုးနင်း

၁၈၈၃ - ၁၉၄၀

## မာတိကာ


| | | |
|---|---|---|
| ၁။ | နာမည်ကျော် စာရေးဆရာတစ်ယောက်ဖြစ်ဖို့ရန် | ၁ |
| ၂။ | ဂျာနယ် | ၅ |
| ၃။ | သတင်းထောက်အလုပ် | ၉ |
| ၄။ | အင်္ဂလိပ်ပညာနှင့် အယ်ဒီတာ | ၁၈ |
| ၅။ | အယ်ဒီတာချုပ် | ၂၁ |
| ၆။ | ဝတ္ထုရေးနည်း | ၂၅ |

နမောတဿ–ဘဂဝတော–အရဟတော
သမ္မာသမ္ဗုဒ္ဓဿ။

## နာမည်ကျော် စာရေးဆရာတစ်ယောက်ဖြစ်ဖို့ရန်

နာမည်ကျော်စာရေးဆရာတစ်ယောက် ဖြစ်ဖို့ရန် ကဗျာဖြစ်စေ၊ ဝတ္ထုဖြစ်စေ၊ ဓာတ်ဖြစ်စေ၊ တစ်မျိုးမျိုးမှ နာမည်ရဖို့လို၏။ မဂ္ဂဇင်းများ၌ ဆုံးမစာ၊ တရားစာများကို အဘယ်မျှပင်ရေးကြစေကာမူ စာရေးဆရာ နာမည်ကျော်ဖြစ်ဖို့ လွန်စွာခက်လေသည်။ အကြောင်းမူကား တရားစာ၊ ဆုံးမစာများကို ရှက်ကြမ်းရေချို မည်သူမဆို ရေးတတ်သည်။ ထိုစာများမှာ literatwre ခေါ် ပညာအခါဉပ်သိမ်းမပါ။ ဝတ္ထုနှင့်ကဗျာ ဓာတ်များသာလျှင် ပညာပါလေသည်။ ဆုံးမစာများမှာ ဘုရားဟောကျမ်းများ၊ ရှေးကျမ်းများကို အမှီရသဖြင့် စာတတ်လျှင် သူသူငါငါ ရေးနိုင်၏။ ဝတ္ထုကောင်း၊ ကဗျာကောင်း၊ ဓာတ်ကောင်းများကိုကား သူသူငါငါမရေးနိုင်။ ပင်ကိုဉာဏ်နှင့်စနစ်ကိုသိမှ ဖြစ်နိုင်လေသည်။ သို့ဖြစ်သောကြောင့် သတင်းစာတိုက်များ၊ မဂ္ဂဇင်း တိုက်များသို့ရောက်သော ဝတ္ထုအတိုအရှည်၊ အပုဒ်တစ်ရာလျှင် အသုံးပြုလောက်သော ဝတ္ထုတစ်ပုဒ် နှစ်ပုဒ်မျှပင် ရဖို့ခက်လေသည်။

သြဝါဒစာ၊ တရားစာများမှာမူ ချီးမွမ်းလောက်သော အင်္ဂါပင် မပါရှိစေကာမူ အပြစ်မရှိသဖြင့် ထိုစာမျိုးတစ်ရာလျှင် ကိုးဆယ်

လောက်မှာ သုံး၍ရ၏။ သုံး၍ရသော်လည်း ထိုစာမျိုးကြောင့် မဂ္ဂဇင်း၊ ဂျာနယ်မှာ အဖိုးမတန်ဂုဏ်ကျက်သရေမတိုး၊ စာမျက်နှာသာတိုးနိုင်လေသည်။

တကယ့်ဝတ္ထုရေးဆရာ၊ တကယ့်ပန်းချီဆရာတို့မှာ ပညာသည်ဖြစ်၏။ ဩဝါဒစာရေးဆရာမှာ ကျောင်းဆရာနှင့် တူလေသည်။ ကျောင်းဆရာများမှာ ကျောင်းဆရာလုပ်ရမှ အလုပ်ရ၏။ ပန်းချီဆရာမှာ မိမိ၏စုတ်တံမှအလုပ်ထွက်၏။ ဝတ္ထုရေးဆရာမှာလည်း ကလောင်မှ အလုပ်ထွက်လေသည်။

ကဗျာမှာလည်း ဧနစ်နှင့်စိတ်ကူးဉာဏ် ကိုယ်ပိုင်လိုသဖြင့် ပညာတတ်မြောက်သော်လည်း ယခုခေတ်မှာ ကဗျာခေတ်မဟုတ်သောကြောင့် ခက်လေသည်။

အခြားစာရေးဆရာအလုပ်တစ်ခုမှာ ဂျာနယ်စာမျိုးကို ရေးတတ်ခြင်းဖြစ်လေရာ ဂျာနယ်မှာလည်း စိတ်ကူးနှင့်ဆိုင်သော ကြီးလေးခက်ခဲသောအတတ်ကြီးတစ်ခုဖြစ်လေသည်။ ဆုံးမစာသည် မဂ္ဂဇင်း၊ ဂျာနယ်၊ သတင်းစာနှင့်မဆိုင်။ ဥရောပ၊ အမေရိကတိုင်းမ်မဂ္ဂဇင်း သတင်းစာဟူသမျှမှာ ဆုံးမစာဟူ၍ တစ်မိုက်တစ်ထွာထက် များလေ့မရှိပေ။ ဆိုင်ကိုလိုဂျီမဂ္ဂဇင်းကြီးကဲ့သို့ တစ်ဖက်သတ်ကြီးပွားချမ်းသာရေးမဂ္ဂဇင်းများမှာလည်း ကြီးပွားရေးစာများပါလေရာ ထိုစာများမှာ လွန်စွာသစ်လွင်ဆန်းသစ်သောစာများ ဖြစ်ကြလေသည်။ တရားစာ၊ ကျမ်းစာများမဟုတ်ပေ။ သို့ဖြစ်လေရာ ဝတ္ထုကောင်းများရေးနိုင်မှ တကယ့်စာရေးဆရာဖြစ်နိုင်၏။ ကဗျာဖြင့် ယခုအခါ စာရေးဆရာ မဖြစ်နိုင်ပေ။ မစ္စတာမောင်မှိုင်းတစ်ယောက်သာ အရှိန်ရ၍ နာမည်ရခဲ့လေသည်။ ထူးလည်းထူးပေသည်။ ၎င်းလိုထူးဖို့ရန် မလွယ်မကူပေ။



ဂျာနယ်ဆိုသည်မှာ ဝတ္ထုဇာတ်၊ ကဗျာဆုံးမဩဝါဒတရားစာမဟုတ်ဘဲ ဖတ်၍ကောင်းသောစာမျိုးနှင့် သက်ဆိုင်လေရာ ထိုစာမျိုးမှာလည်းမလွယ်။ အများအားဖြင့် ဝတ္ထုရေးကောင်းသူများ၊ တကယ့်ကဗျာဆရာများ၏ ထိုးထွင်းဉာဏ်မျိုးရှိမှ ဖြစ်နိုင်လေသည်။ အကြောင်းမူကား အဘယ်အကြောင်းအရာကိုမဆို။ ဖတ်၍ကောင်းအောင်၊ ရေ့ခဲပေါ်သောဖော့ကဲ့သို့ ပေါ့ပါးလျှင်မြန်သောစာမျိုးဖြစ်လေသည်။ ရွှေငွေစိန်ကျောက်လို စာလေးကြီးမျိုးမှာ မပေါ်နိုင်။ ဖတ်ရာ၌လည်း အရသာရှိမည်မဟုတ်ပေ။ ဥပမာ–ကလောင်တံအကြောင်းကို ဖတ်၍ကောင်းအောင် ရေးတတ်ရမည်။ မီးဖိုချောင်အကြောင်းကို ဖတ်၍မငြီးအောင် ရေးတတ်ဖို့လိုလေသည်။ ဆီမီးခွက်အကြောင်းကို ဖတ်၍ကောင်းအောင် ရေးခြင်းသည် အလောင်းစည်သူ၏အတ္ထုပ္ပတ္တိကို ရေးခြင်းထက် ခက်ခဲကြီးလေးလေသည်။ အလောင်းစည်သူအတ္ထုပ္ပတ္တိမှာ ရာဇဝင်ရှိ၏။ ဆီမီးခွက်အကြောင်းမှာ မှီခိုအားပြု၍ရေးစရာအခြေခံစာပေကျမ်းဂန်မရှိ။ စိတ်ကူးနှင့်ရေးရလိမ့်မည်။ မသိသူတို့၏စိတ်၌ကား အသေးအဖွဲ့ဟုပြောလိမ့်မည်။ အသေးအဖွဲ့ကို ဖတ်၍ကောင်းအောင်ရေးတတ်မှ စာရေးကောင်းဖြစ်သည်ကို မစဉ်းစားကြပေ။

ဆူရင်ဒရယ်နတ်ဘနာဂျီ ခေါ်သူသည် nothing ခေါ် ဘာမျှမရှိဟူသောအကြောင်းကို တစ်နာရီ–နှစ်နာရီ ပြောဟောနိုင်၏။ ကျမ်းတတ်ပုဂ္ဂိုလ်တိုင်း ရေးနိုင်ပြောနိုင်မည်မဟုတ်ပေ။ သို့ဖြစ်လေရာ နာမည်ကျော်စာရေးဆရာဖြစ်လိုက ဘာမဟုတ် ညာမဟုတ် အကြောင်းများကို ဟုတ်အောင်ရေးတတ်ဖို့လိုလေသည်။

မြန်မာမဂ္ဂဇင်း ၆ ပဲတန်များထဲ၌ပါရှိသော အချို့သောစာကြီးတွေကို အင်္ဂလိပ်လိုပြန်ရင် အဘယ်အင်္ဂလိပ်မဂ္ဂဇင်း၊ သတင်းစာကမှ

အသုံးပြုမည်မဟုတ်ပေ။ အင်္ဂလိပ်မဂ္ဂဇင်းသတင်းစာများထဲ၌ပါသော စာများကို မြန်မာလိုပြန်ချေက အဘယ်မြန်မာသတင်းစာမဂ္ဂဇင်းမှာ မဆို၊ ထင်ပေါ်နိုင်လေသည်။ ဤကား အင်္ဂလိပ်က အသေးအဖွဲတွေကို ကိုယ်ပိုင်အမြင်အသိဖြင့်ရေးကြ၍ မြန်မာမဂ္ဂဇင်းစာရင့်ကြီးများမှာကား ကိုယ်ပိုင်အသိအမြင်ဉာဏ်နှင့်မဆိုင်၊ ကျမ်းစာတွေထဲမှ သုံးမကုန်အောင်ရနိုင်ခြင်းကြောင့် ဖြစ်လေသည်။

စာရေးရာ၌ မိမိ၏ပညာစွမ်းကိုပြလိုသော စိတ်နှင့်မရေးရ။ ရေးစရာအကြောင်းရှိ၍ ရေးမှကောင်း၏။ ရေးချင်လှသောကြောင့်လည်းကောင်း၊ အစွမ်းပြလိုခြင်းသက်သက်ကြောင့်လည်းကောင်း မရေးအပ်ပေ။

ဖတ်သူပျော်ပါစေ၊ အသိအလိမ္မာရပါစေ။ အကျိုးရှိပါစေဟူသောစေတနာကို အရင်းထား၍ရေးမှသာ ကျော်ကြားနိုင်လေသည်။

## ဂျာနယ်

ဂျာနယ်ဆိုသည်မှာ အခြားမဟုတ်။ သတင်းစာ၊ မဂ္ဂဇင်းတစ်လလေးကြိမ်၊ တစ်လရှစ်ကြိမ်၊ နေ့စဉ်ဟူသမျှ ဂျာနယ်များဖြစ်ကြ၏။ မြန်မာပြည်၌ကား ရက်သတ္တတစ်ပတ်ဖြစ်စေ၊ တစ်လနှစ်ကြိမ်ဖြစ်စေ ထုတ်ဝေသောစာမျိုးကို ဂျာနယ်ဟုခေါ်ဝေါ်ကြ၏။ ဤစာအုပ်၌ ဂျာနယ်ဆိုသည်မှာ အချိန်မှန်ထုတ်ဝေသမျှဟု မှတ်ရမည်။

ဂျာနယ်များ၌ နာမည်ရလိုက တစ်မျက်နှာ၊ နှစ်မျက်နှာ၊ တစ်ကော်လံ စသည်ဖြင့် ဖတ်၍ကောင်းသောစာတိုများကို ရေးရ၏။

လူအများ အာရုံစိုက်၍နေသော အကြောင်းအရာတစ်ခုနှင့်ပတ်သက်၍ မည်သူမျှမတွေးမခေါ်သော အတွေးအခေါ်ကြံအသစ်အဆန်းကို ဖတ်၍ကောင်းအောင်၊ ရေးတတ်လျှင် နာမည်ရနိုင်၏။ အယ်ဒီတာများမှာ အချိန်သည် အဖိုးတန်၏။ နာမည်မရသေးသူ၊ မထင်ရှားသူတစ်ယောက်၏ စာရှည်ကြီးမျိုးကို ဖတ်ချင်မည်မဟုတ်ပေ။ မဖတ်လျှင် အသုံးပြုမှာလည်းမဟုတ်ပေ။ အတွေးအခေါ်ထင်မြင်ချက်မှာလည်း ထူးခြားသစ်လွင်၍ ဖတ်သူများ၏စိတ်၌ ဟုတ်ပါပေသည်ဟူသော စိတ်မျိုးပေါ်ပေါက်အောင် အခါခပ်သိမ်းမှန်ရမည်ဟု မဆိုလို။

ထင်မြင်ချက်တို့ မည်သည် တစ်ယောက်နှင့်တစ်ယောက် မတူတတ်ပေ။ သို့သော်လည်း ဟုတ်မှန်သည်ဟု မှတ်ထင်လောက်အောင် ခိုင်လုံရမည်။ အများရေးပြီး ပြောပြီးသော အကြံဉာဏ်မျိုးကို မပေးအပ်ပေ။ သူသူငါငါသုံးသောစကားများကို မသုံးရ။ "ဝမ်းစာလု အမျိုး၊ ဘာသာ၊ သာသနာ၊ ငို့တ" စသည့်စကားများသည် ငြီးငွေ့ဖွယ် ဖြစ်လေသည်။ စကားအသစ်အဆန်းတစ်ခုကို ငြီးငွေ့ဖွယ်ဖြစ်လေသည်။ စကားအသစ်အဆန်းတစ်ခုကို တစ်စုံတစ်ယောက်သုံးလျှင် လိုက်၍မသုံးအပ်ပေ။ ယခုအသစ်ပေါ်သောစကားတစ်ခုမှာ 'စာနယ်ဇင်း' ဟူသောစကားဖြစ်ရာ သုံးရက်တစ်မွန်းတည့်အတွင်း သုံးသူတွေများ၍ ဖန်တေထသောကြောင့် ဟောင်းနွမ်း၍ ဆီသည်မလက်သုတ်ပဝါကဲ့သို့ဖြစ်၍နေလေသည်။ မြန်မာပြည်၌ကား အယ်ဒီတာအချို့ ကိုယ်တိုင်ကပင် အတုခိုး၍နေကြ၏။ အတုလိုက်လျှင် နာမည်ကျော်မဖြစ်နိုင်။ ဖြစ်လျှင်လည်း မမြဲနိုင်ပေ။ မြန်မာပြည်၌ကား အတုသမားများလည်း နိုင်ငံကျော်ဖြစ်၍နေလေသည်။

ရေးစရာအကြောင်းအရာများ စိတ်ကူးပေါ်က စာအုပ်ငယ်တစ်ခု၌ မမေ့အောင်မှတ်၍ထား။ ထိုအကြောင်းအရာများကို မှတ်သားလောက်သောစာတိုကလေးများဖြစ်အောင် ရေး၍ထား။ ဂျာနယ်တိုက်များသို့ မကြိုက်လျှင်ပြန်ပို့ရန် စာအိတ်ခေါင်းအပိုထည့်၍ပို့။ တစ်တိုက်ကမသုံးလျှင် အခြားတစ်တိုက်က သုံးလိမ့်မည်။ ထင်ပေါ်ကျော်ကြားသော ဂျာနယ်များသို့ပို့မှ ထင်ပေါ်လွယ်လေသည်။

အကယ်၍ အတတ်ပညာတစ်ခုခုကိုတတ်လျှင် ထိုအတတ်နှင့်ဆိုင်သောစာကို ရေးရမည်။ ဓာတ်ပုံရိုက်တတ်လျှင် သာ၍ကောင်းလေသည်။

ဥပမာ အမေရိကန်နိုင်ငံတိုင်းများ၌ ဂျာနယ်တစ်ခု၌ နာမည်လိုချင်လျှင် ထိုဂျာနယ် အဘယ်လိုစာမျိုး၊ အဘယ်ဝတ္ထုမျိုးကို သုံးလေ့ရှိသည်ဟု သိအောင် ဖတ်ရှုမှတ်သားရ၏။ မြန်မာပြည်၌ကား ဤစနစ်မရှိသေးပေ။ ဂျာနယ်လည်း နည်းပါးလေသည်။

ဥရောပ အမေရိကတိုင်း၌ အလုပ်ဟူသမျှနှင့်ဆိုင်ရာ ဂျာနယ်တွေရှိကြ၏။ မော်တော်ကားဂျာနယ်၌ မော်တော်ကားအလုပ်ကိုနားလည်သူ၊ မောင်းတတ်သူဟူသမျှ မော်တော်ကားအကြောင်းကို ရေးနိုင်၏။ ဓာတ်ပုံဂျာနယ်များ၌ ဓာတ်ပုံဝါသနာပါသူများအတွက် ရေးစရာအကြောင်းအရာတွေ များစွာရှိ၏။ မုဆိုးများပင် တောအကြောင်းကို ရေးကြသဖြင့် ငွေကြေးရလေသည်။ မြန်မာပြည်မှာကား ရေးစရာအကြောင်းအရာ လွန်စွာများ၏။ ဂျာနယ်နည်းပါးလေသည်။

စိတ်ကူးဉာဏ်ရှိသူသည် စာပေများစွာမတတ်သော်လည်း စာပေးစာယူလုပ်တတ်ရုံမျှနှင့် သတင်းစာ၊ ဂျာနယ်များမှာ နာမည်ရနိုင်၏။ ဆံပင်ညှပ်သမားသည် ဆံပင်ညှပ်လာသူဟူသမျှ၏ စိတ်နေသဘောထားအမျိုးမျိုးအကြောင်းကိုဖတ်၍ကောင်းအောင် ရှင်ရှင်ကလေးရေးတတ်က စာကောင်းဖြစ်နိုင်၏။ လယ်ယာလုပ်သူသည် လယ်တောအကြောင်း၊ လယ်အလုပ်အကြောင်းကို အကျိုးရှိအောင် ဖတ်၍ကောင်းအောင် ရေးနိုင်၏။ အကယ်၍ မိမိက လယ်အလုပ်နှင့်ပတ်သက်၍ အချက်ကောင်း စနစ်ကောင်း တစ်ခုခုကိုပိုမို၍နားလည်က သတင်းစာမှ ဖော်ပြနိုင်လေသည်။ မည်သည့်အရာကိုမဆို၊ စူးစိုက်စွာကြည့်၍ စဉ်းစားလျှင် စာကောင်းတစ်ပုဒ်၊ နှစ်ပုဒ် သုံးလေးပုဒ်ဖြစ်နိုင်သည့်အချက်များကို တွေ့နိုင်၏။ ကျောင်းဆရာသည် ကျောင်းသားကလေးများ၏ စိတ်နေသဘောထား၊ အလေ့အကျင့်အမျိုးမျိုးကိုဖြစ်စေ၊ အများမသိသေးသော သင်ပြနည်းတစ်ခုခုကိုဖြစ်စေ ရေးနိုင်လေသည်။ ကျွန်ုပ် ဗန္ဓုလသတင်းစာ အယ်ဒီတာလုပ်စဉ်က

လင်မယားရန်ဖြစ်ပုံအကြောင်း ဖတ်၍ကောင်းသောစာတစ်ပုဒ်ကိုရဖူး၏။ စာပြင်ဆရာကြီးများက ဖျောက်၍ပစ်လိုက်သဖြင့် ထိုစာကို အသုံးမပြုရသည့်အတွက် များစွာနှမြောခဲ့ဖူးလေသည်။ သို့သော်လည်း ဂျာနယ်သတင်းစာများကို ကြည့်ရုံနှင့် ထိုဂျာနယ်၏အယ်ဒီတာသည် မြန်မာပညာရှိ တစ်ဖက်သတ်သမားဖြစ်ကြောင်း သိရချေက ဤကဲ့သို့သော စိတ်ကူးဉာဏ်ပါသည့် စာအဖိုးတန်များကို မပို့လေနှင့်။ ပါဠိမပါသည့်အတွက် ခြင်းတောင်းထဲကို ထည့်၍ပစ်လိမ့်မည်။ နှမြောစရာပေ။

မြန်မာအယ်ဒီတာအချို့သည် ခန်းကြီးနားကြီး ရှေ့ကိုလေးသောစာကြီးမျိုးကို ကြိုက်တတ်လေသည်။ သတိနှင့် ရှောင်ကြဉ်ရမည်။

## သတင်းထောက်အလုပ်

သတင်းထောက်အလုပ်မှာ ဦးဖို့၊ မြန်ဖို့၊ ဝီရိယရှိဖို့၊ သူတစ်ပါး ရအောင်မယူနိုင်သည့်သတင်းကိုရဖို့ အရေးကြီး၏။ အများဂရုစိုက်၍နေသောအကြောင်းတစ်ခုခု ဖြစ်ပွားရာ၌ ဘယ်အချက်ကိုဖြင့် အခြားသတင်းထောက်များ လစ်ဟင်းနေသည်။ ထိုအချက်ကို ငါရအောင် စုံစမ်းမည်ဟူသော တစ်ဆင့်နှစ်ဆင့် တွေးခေါ်ရှာကြံတတ်သော စိတ်ကူးဉာဏ်လိုလေသည်။

ဥပမာ– မောင်ပွင့်ကောင်း၊ သန်းသန်းတို့၏အရေး၌ နောက်ဆုံး သတင်းစာများ လစ်၍သွားသောအချက်တစ်ခုမှာ အဘယ်လိုနေမည်၊ အဘယ်လိုထိုင်မည်၊ မောင်ပွင့်ကောင်းနောက်ကို သူငယ်မကလေးလိုက်သွားပြီးသောအခါ အဘယ်သောအခါ ရပ်ရွာသို့ပြန်ကြမည်၊ အဘယ်ပုံအသက်မွေးနေထိုင်မည်။ မောင်ပွင့်ကောင်းမှာ အဘယ်လိုအလုပ်အကိုင်ရှိသည်ဟူသော အများသိလိုမည့်အကြောင်းအရာဖြစ်လေသည်။ သတင်းစာတိုက်များက နှစ်ကြောင်း သုံးပြားပေးလျှင် သတင်းအလိုက်ကောင်းသူ၊ အနှိုက်ကောင်းသူ၊ ဓာတ်ပုံရိုက်တတ်သူဖြစ်ချေက ဒီစတြိတ်တစ်နယ်မှာ ငါးဆယ်ခြောက်ဆယ်ရနိုင်၏။

## အခြားတစ်နည်း

အခြားတစ်နည်းမှာ အင်္ဂလိပ်စာတတ်သူဖြစ်က အင်္ဂလိပ်သတင်းစာဂျာနယ်များမှ ထူးဆန်းသော ကမ္ဘာ့သတင်းများကို ပြန်ဆို၍ ရုပ်ပုံများနှင့်တိုက်များသို့ အလှည့်ကျပို့ခြင်းဖြင့် သတင်းစာတစ်ခုက မယူလျှင် တစ်ခုကယူလိမ့်မည်။ ထိုနည်းဖြင့် နာမည်တစ်ခုရနိုင်လေသည်။ သတင်းမှန်ဖို့၊ အသရေဖျက်မှုမဖြစ်ဖို့သာ သတိပြုရာ၏။ အရပ်ရပ် အနယ်နယ်၌ အခြားအရပ်များမှာ မမြင်ဖူးသော နေရာတွေ ရှိကြလေရာ ဓာတ်ပုံရိုက်တတ်သူအနည်းငယ် စာရေးတတ်သူမှန်က ငွေရနိုင်လေသည်။ အရပ်လည်း နှံ့နိုင်လေသည်။ အကယ်၍ ရုပ်ပုံအကြမ်း ရေးဆွဲတတ်ချေက သာ၍ပင်လွယ်ကူလေသည်။

တောထဲတောင်ထဲ၌လည်းကောင်း၊ အင်းအိုင်များ၌လည်း ကောင်းအလုပ်အကိုင်တွေများစွာရှိကြလေရာ ဓာတ်ပုံနှင့်ဖြစ်စေ၊ စကက်ရုပ်ပုံနှင့်ဖြစ်စေ ရေးတတ်ချေက လခစားအလုပ်ကိုလုပ်ဖို့မလိုတော့ပေ။

တိုင်းသူပြည်သားများကိုယ်တိုင် ဤနည်းမျိုးဖြင့် ကူညီနိုင်ကြမှသာ မြန်မာပြည်ဂျာနယ်အလုပ်အဆင့်အတန်းမြင့်ဖို့ရှိလေသည်။ ငါးပိလုပ်သောအရပ်၌ ခုံဖိနပ်များနှင့် ငါးပိနင်းကြပုံ၊ ယာခင်းများ၊ ကိုင်းများ၌ အမျိုးသမီးအချောကလေးတွေ ပေါင်းသင်း၍နေပုံ၊ တောင်ကျချောင်းများ၌ ဝါးဖောင်များလုပ်၍ အသက်တစ်ဖျားမျှောနေကြပုံ စသည့် ရေး၍မကုန်နိုင်သောအလုပ်တွေ ရှိကြလေသည်။ ပြောင်းခင်းများ၌ ကြက်တူရွေးငှက်များနှင့် ပြောင်းဖူးများ ခွဲခြား၍မရအောင် ရောထွေး၍နေကြပုံ၊ ကောက်ရိုးပုံအကြား ကျေးလက်သူ၊ ကျေးလက်သားများ ချစ်တင်းစကားပြော၍နေကြပုံ စသည်တို့မှာ



ငွေတွင်းတွေဖြစ်ကြလေသည်။

ငှင်းပြင် မြို့ငယ် ရပ်ငယ်သားတို့၏ မျက်စိ၌ရိုး၍ နေသော်လည်း ရပ်ကြီးသားအယ်ဒီတာများ၏စိတ်၌ ဆန်း၍နေသောအရာတွေများစွာရှိကြလေသည်။

ဥပမာ– နွားခွေ့ပွဲ၊ ကျွဲခတ်ပွဲ၊ ကြက်တိုက်၊ လှေပွဲ၊ မြန်မာ့လက်ဝှေ့ပွဲ၊ ငါးစိမ်းမိန်းမနှစ်ယောက် ဈေးလယ်ခေါင်မှာ ထွေးလုံးရစ်ပတ် ရန်ဖြစ်၍နေပုံ စသည့် မရေမတွက်နိုင်သော ရွာသူတို့ဓလေ့အဖြစ်အပျက်များကို ရုပ်ပုံနှင့်သတင်းပေးခြင်းသည်လည်း သတင်းစာဖတ်သူတို့အတွက် စိတ်ပျော်ရွှင်ခြင်းကို ဖြစ်စေနိုင်လေသည်။ ကြီးလေးသောအကြောင်းအရာများသာမဟုတ်၊ အသေးအဖွဲတွေထဲမှာ သတင်းတွေများစွာရှိကြလေသည်။

ဒိစတြိတ်ကောင်စီ ကျေးရွာဘုတ်အဖွဲ့ စသည့်အစည်းအဝေးတို့၌ ပြောဆိုသောစကားများကို သေချာစွာနားထောင်၍ မရေမရာစကားအဆန်း၊ မင်းသားလူဆန်းများ များ၏ အပြောအဆို အပြုအမူများကို ရုပ်လုံးပေါ်အောင် ရေးတတ်လျှင်လည်း သတင်းကောင်း ဖြစ်နိုင်လေသည်။ အဆုံးစွန်ပြရလျှင် အိမ်သာမရှိသောရွာများ၌ နံနက်စောစော ဝါးချမ်းပြားကိုကိုင်ကာ တောထဲသို့ဝင်ရန် ဒရောသောပါးသွားကြသော ကျေးတောသူအချောကလေးများ၏အမူအရာကိုပင် အကောင်အထည်ပေါ်အောင်ပြတတ်က အယ်ဒီတာသဘောကျသဖြင့် နောက်ထပ် ဤသတင်းမျိုး ပို့ဖို့ရန် ငွေသပြာနှင့် နှိုးဆော်စာပေးကြပေလိမ့်မည်။

ဆောင်းပါးများမှာလည်း ငွေရလမ်းများလည်း မဟုတ်။ အထက်ဖော်ပြသည့်အတိုင်း ဖတ်ကောင်းပြီး အကျိုးများသော ဆောင်းပါးများ၊ အကြံပေး ဉာဏ်ပေး ဆောင်းပါးများ၊ ကျေးရွာအုပ်

ချုပ်ရေး၊ မြူနီစီပါယ်၊ ဒိစတြိတ်ကောင်စီ စသည်တို့နှင့်ဆိုင်သော ဆောင်းပါးများမှာ နာမည်ရဖို့သာဖြစ်လေသည်။

မြန်မာပြည်၌ သတင်းစာ၊ ဂျာနယ်၊ မဂ္ဂဇင်း၊ ဝတ္ထု လွန်စွာနည်းပါး၏။ နည်းပါးခြင်းကြောင့် အပြိုင်လည်းနည်းပါးလေသည်။ အပြိုင်နည်းခြင်းဖြင့် ထင်ရာလုပ်ခြင်းသည် ဆွေညာတကာတော်၏။ သို့ဖြစ်သောကြောင့် မြန်မာပြည်သတင်းစာ၊ မဂ္ဂဇင်း၊ ဝတ္ထု၊ ဂျာနယ် စသည်များမှာ အများအားဖြင့် ထင်သလိုလုပ်၍ နေကြသောအလုပ်များ ဖြစ်ကြလေသည်။

ဝတ္ထုများမှာ နည်းစနစ်ကျနစွာရေးသော ဝတ္ထုလွန်စွာနည်းသည်မှာ အခြားကြောင့်မဟုတ်။ ဝတ္ထုရေးဆရာနည်းပါးခြင်းနှင့် ဝတ္ထုအထွက်နည်းခြင်းကြောင့်ဖြစ်၏။ တော်ရုံမျှကောင်းလျှင် ဝတ္ထုများစွာမဖတ်ဖူးသောသူတို့၏စိတ်မှာ အများကြီးကောင်း၍နေသောကြောင့် ထိုအလုပ်မှာ စနစ်ကျဖို့ များစွာအရေးမကြီးဟု သဘောထားပေါ့ပေါ့ဆဆ ရေးကြလေသည်။

## အယ်ဒီတာ

သတင်းစာ၊ ဂျာနယ်၊ မဂ္ဂဇင်းများ၌ပါရှိသော contribution ခေါ် သွင်းစာများနှင့်ပတ်သက်ရာ၌ အယ်ဒီတာအချို့သည် သဘောသဘာဝတ္ထုကိုမကြည့်။ သင့်မတင့် လျော်မလျော်ကို များစွာမစဉ်းစား။ စာများများရေးသူတို့၏သွင်းစာများကို အမှတ်မဲ့ထည့်တပ်ကြသောကြောင့် အခါအခါ အစိုးရဥပဒေစက်ကွင်းသို့ ကျရောက်ကြလေသည်။



ဥပဒေစက်ကွင်းနှင့်မဆိုင်ဘဲ အကျိုးမရှိသောစာတွေလည်းများစွာပါရှိကြလေသည်။ ၎င်းစာများမှာ ဖတ်ရာ၌လည်း အနှစ်သာရမရှိ၊ အသိပညာကိုလည်း မတိုးစေရုံမက အသိဉာဏ်ပွင့်တော့မည့်ဆဲဆဲရှိသူတို့၏ ဉာဏ်မျက်စိကို သဲပက်ကာ ပိတ်ဆို့သည်နှင့်တူသောစာမျိုးတွေလည်း ရှိကြလေ၏။

အယ်ဒီတာများမှာ အဘယ်ပညာကိုမှ ကြီးကြီးကျယ်ကျယ်တတ်ဖို့မလို။ စာရေးလွန်စွာကောင်းဖို့လည်း တာဝန်မရှိ။ သင့်မသင့်ကို ဝေဖန်တတ်၍ တစ်မှဟုတ်ဆုံးဖြတ်တတ်သော ထိုးထွင်းဉာဏ်ကို အသုံးပြုတတ်ဖို့နှင့် ခေတ်ကာလပညာတတ်ဖို့သာလိုလေသည်။ ယခုကာလ၌ ယခုပညာကိုမတတ်က အယ်ဒီတာကောင်းမဖြစ်နိုင်ဟု ပုံသေမှတ်ရမည်။

အယ်ဒီတာများ၏တာဝန်သည် တိုင်းပြည်၏ဉာဏ်မျက်စိကို တိုးတက်ပွင့်လင်းစေဖို့ဖြစ်ရာ အမှောင်ကို တိုးတက်စေသောစာများကို သတိနှင့်ရှောင်ကြဉ်ကာ ဆိုင်ရာခြင်းတောင်းသို့သာ လွှဲအပ်ဖို့ရှိလေသည်။

သို့သော်လည်း အခါခပ်သိမ်း အဘယ်ကအမှန်၊ အဘယ်က အမှားဟု လွယ်ကူစွာဆုံးဖြတ်၍မရသော သိမ်မွေ့သောအကြောင်းအရာများရှိတတ်သည်ကားမှန်၏။ ထိုအချက်များကို controvertial ဟုခေါ်ဆို၏။ သို့သော်လည်း အများအားဖြင့် မြန်မာသတင်းစာ၊ မဂ္ဂဇင်းများ၌ အငြင်းအခုံဖြစ်သောအကြောင်းအရာများစွာတို့မှာ ထိုမျှလောက် သိမ်မွေ့နက်နဲ ခက်ခဲသည်မဟုတ်။ တိုးတက်သောခေတ်ကာလ ဉာဏ်အတော်အတန်ရှိသော အယ်ဒီတာမှန်က လွယ်ကူစွာဝေဖန်နိုင်သောအကြောင်းအရာများဖြစ်သည်ကို တွေ့ရှိရလေသည်။

အချုပ်မှာ ရေးမြန်မာစာပေကျမ်းဂန်ကို အထူးကျွမ်းကျင်၍

ပညာရှိအခေါ်ခံသူများပင်ဖြစ်စေကာမူ ယခုခေတ်သမယနှင့်ဆိုင်သမျှကို ရှုတ်ချမုန်းထား၊ မလိုလားသော တစ်ဖက်စီးနင်းစိတ်ရှိက မှန်ရာကို ရောက်နိုင်လိမ့်မည်မဟုတ်ပေ။ ယခုကာလပညာများကိုပင် ကြီးကျယ်စွာမသင်ရစေကာမူ ရှေးပညာရှိတစ်ယောက်သည် ရိုးသောစိတ်နှင့်အမှန်ကိုမြင်အောင် စဉ်းစား၍ရေးချေက မှန်ရာကို ရောက်နိုင်လေသည်။ ရိုးသားသောစိတ်ရှိသည်၊ မရှိသည်။ ငါတို့ရှေးဟူသမျှအကောင်း၊ ယခုနောက်ပေါ်ဟူသမျှ ရွှေကြာပင်၊ အလကားဟူသောစိတ်များ၊ ထားသည် မထားသည်ကို စာကိုမြင်ရုံနှင့် သိနိုင်လေသည်။ ယခုခေတ်နှင့်ဆိုင်သောယူဆချက်တွေ အသုံးမကျဟု ဘိုးတော်ခေတ်သားများက သဘောရကြချေက ၎င်းဘိုးတော်လက်ထက် လူများ၏ယူဆချက်များကိုလည်း ဘိုးတော်လက်ထက်လူများက အသုံးမကျဟုရှုတ်ချကြမည်ကား ဓမ္မတာဖြစ်လေသည်။

"သည်မင်း၊ သည်စိုး၊ သည်သူခိုးနှင့် သည်မိုး၊ သည်လေ၊ သည်လူတွေနှင့်" ဟူသောစကားသည် ယခုမှပေါ်လာသောစကားမဟုတ်ပေ။ ရှေးကလည်း မျက်မှောက်ခေတ်ကို အပြစ်ဆိုကြမြဲဖြစ်လေသည်။

ထုံးစံအားဖြင့် သေချာလေးနက်စွာ စဉ်းစားလေ့မရှိသောအများဆုံးသောသူတို့သည် အဘယ်ခေတ်မှမဆို၊ မိမိတို့၏ ခေတ်ကိုပုတ်ခတ်၍ လွန်ပြီးသော အဘိုး၊ အဘွားခေတ်၏ယူဆချက်များကိုမှကောင်းသည်၊ မှန်သည်ဟု စွဲမှတ်ကြလေသည်။

လူသည် စဉ်းစားဆင်ခြင်နိုင်သော သတ္တဝါဖြစ်သည်ကား မှန်၏။ သို့သော်လည်း အများအားဖြင့် သမာသမတ်မရှိတတ်ကြ။ မိမိတို့၏စိတ်အလိုဘက်ကိုဆွဲ၍ ဆင်ခြင်ဆုံးဖြတ်ချက်ကို ချတတ်လေရာ စာမေးပွဲပုစ္ဆာအဖြေမျိုးမှာသာ စဉ်းစားဉာဏ်အရိုးခံကို သုံးတတ်



လေသည်။ ဗုဒ္ဓဘာသာလူမျိုးသည် မိမိဘာသာမှန်သည်ဟု မိမိဘာသာဘက်ကိုဆွဲ၍ စဉ်းစား၏။ မဟာမေဒင်လည်း ထို့အတူ၊ ခရစ်ယာန်လည်း ထို့အတူဖြစ်၏။ ရှေးခေတ်ကိုကြိုက်သောသူ၊ ယခုခေတ်၌ ထင်ပေါ်ကျော်ကြားသင့်သလောက် မကျော်ကြားသော ရှေးခေတ်ပညာရှိသည် မိမိ၏အကြိုက် ရှေးခေတ်ကိုဆွဲ၍ စဉ်းစားတတ်၏။ ရှေးပညာကိုမတတ်၊ ယခုခေတ်တစ်ဖက်သာ တတ်သောသူတို့လည်းယခုခေတ်ဘက်ကိုဆွဲ၍ စဉ်းစားတတ်ကြ၏။ ဤသို့ဖြစ်တတ်ခြင်းဓမ္မတာသဘောသွားကိုသိသဖြင့် သတိထားက မိမိ၏စိတ်ကို သမာသမတ်ထားမှသာမှန်ရာကို ရောက်နိုင်ပေသည်။ မိမိကိုယ်တိုင် သမာသမတ်စိတ်ကိုမထားကြောင်း ကိုယ်တိုင်လွယ်ကူစွာ မသိတတ်ကြပေ။ မိမိကိုယ်ကိုလှည့်စားက အကြိုက်ဘက်ကိုလိုက်၍ ဆင်ခြင်ခြင်းကို ဆိုင်ကိုလိုဂျီစကာအရ Rationaligation ဟုခေါ်၏။ ရိုးရိုးစဉ်းစားခြင်းကို Reasoning ဟုခေါ်လေသည်။ အများအားဖြင့်ပထမနည်းကို လိုက်တတ်ကြလေသည်။ နိုင်ငံရေးပါတီများ၊ ပါတီသတင်းစာခေါင်းကြီးရေးသမားများသည် မိမိကိုယ်ကိုလှည့်စားသောဆင်ခြင်နည်း၌ လွန်စွာကျွမ်းကျင်သဖြင့် မိမိတို့ကိုယ်တိုင် မိမိတို့၏အလိမ်ဉာဏ်ကို ယုံကြည်ကြသဖြင့် နောက်ပါများကို ဆွဲကြလေသည်။

သို့ဖြစ်လေရာ ပညာတတ်တိုင်း မှန်ရာကိုရောက်အောင် မစဉ်းစားတတ်၊ စဉ်းစားယူဆပုံများမှာလည်း အလေ့အကျင့်၊ အစဉ်အလာ၊ အလိုတော်ရိစိတ် စသည်များသည် လူ၏စဉ်းစားဉာဏ်ကို နဖားကြိုးတပ်ကာ နွားကဲ့သို့ခိုင်းကြသဖြင့် စဉ်းစားဉာဏ်မှာ လွတ်လပ်ခွင့်မရ။ မှန်ရာကိုရောက်အောင်မသွားနိုင်ဘဲ ရှိတတ်လေရာ ယထာဘူတကိုရောက်စိမ့်သောငှာ လူ၏စိတ်၌ အရေးကြီးသောဖောက်ပြန်ပုံကို

သိအပ်ကြလေသည်။

## အချို့စာရေးဆရာများ၏ထင်မြင်ချက်

မြန်မာမဂ္ဂဇင်း၊ ဂျာနယ်များ၌ ယခုခေတ်စားနေသောစာများသည် ဆုံးမစာ၊ နှိုးဆော်စာတွေ ဖြစ်ကြလေသည်။

ဤစာမျိုးကို သူသူငါငါ ရေးနေကြသည်ထောက်လျှင် ဤစာမျိုးကို ငါလည်း ရေးလျှင်ဖြစ်တာပဲဟူသော အထင်အမြင်မျိုးသည် များစွာသောစာဖတ်သူတို့၏စိတ်၌ ပေါ်၍နေကြောင်း သိနိုင်လေသည်။ သတင်းစာများ၌ ပါရှိသော ကြီးပွားအောင်မြင်ရေးခေါ် အားပေးစာများမှာ လူတိုင်းရေးနိုင်သောစာများမဟုတ်ပေ။ လူတိုင်းရေးနိုင်လျှင် အပေါစား၊ အညံ့စားစာတွေသာ ဖြစ်ရာ၏။ အယ်ဒီတာများစဉ်းစားဖို့အချက်တစ်ခုမှာ ဤကဲ့သို့သောစာမျိုးကို တစ်စုံတစ်ယောက်ထံမှရသည့်အခါ ဤစာမျိုးကို ဖတ်သူတို့စိတ်၌ အဘယ်ပုံသဘောရမည်နည်း။ ဤစာမျိုးတော့ ငါလည်းရေးလျှင်ဖြစ်မှာပဲဟူသောအထင်မျိုး လွယ်လွယ်ကူကူပေါ်ပေါက်စေမည့်စာဖြစ်ချေကငါ၏မဂ္ဂဇင်းသည် အပေါစား သူသူငါငါရေးနိုင်သော တွေ့ကရာစာတွေ၏ အစုအဝေးဖြစ်၍နေပေမည်လားဟူသောအချက်ကို ဆင်ခြင်ရာ၏။ အချို့စာရေးသူများသည် မိမိတို့မှာ တိုင်းသူပြည်သားတို့အားပေးဖို့ရန် ကိုယ်ပိုင်အသိအလိမ္မာ၊ အကြံကောင်းဉာဏ်ကောင်းမရှိ။ ပီသစွာလည်းမရေးနိုင်။ နာမည်လိုချင်အားကြီးသောကြောင့် မမောမပန်းဘဲရေးကြရာ မဂ္ဂဇင်းတစ်ခုက စာလိုခိုက်ကြုံသဖြင့် ထည့်သွင်းလိုက်မိ၏။ အခြားအသစ်မဂ္ဂဇင်းအသစ်တစ်ခုပေါ်သောအခါ



၎င်းထံမှစာကိုရ၏။ ထိုအခါ မဂ္ဂဇင်းပိုင်ရှင် သည်လူ ဟိုမဂ္ဂဇင်းမှာ နာမည်ရပဲဟု မှတ်ထင်ကာ ၎င်း၏စာကို ၎င်း၏ရုပ်ပုံနှင့်တကွထည့်၏။ ထိုနည်းဖြင့် ၎င်းလူမှာ နာမည်ရပြီး မိမိကိုယ်ကို အဟုတ်ထင်၍နေ၏။ နောက်ဆုံး၌ မည်သူမှာမျှအကျိုးမထင်။ ၎င်းလူမှာ အတော်အတန်နာမည်ရ၍ ၎င်း၏စာတွေပါသော မဂ္ဂဇင်းမှာ အတန်ကြာသောအခါ အလကားရသော ၎င်းစာများကဲ့သို့ အပေါစားမျိုးဖြစ်တတ်လေသည်။

●

## အင်္ဂလိပ်ပညာနှင့် အယ်ဒီတာ

သတင်းစာ၊ မဂ္ဂဇင်းအလုပ်သည် စီးပွားရေး၊ နိုင်ငံရေးအမျိုးသား ကြီးပွားတိုးတက်ရေး အလုပ်ကြီးတစ်ခုဖြစ်သောကြောင့် ဤအလုပ်ကို နေရာတကျမလုပ်နိုင်သေးသော လူမျိုးသည် လူမျိုးအဆင့်အတန်း၌ လွန်စွာအောက်ကျဖို့သာရှိလေသည်။

သို့သော်လည်း အထက်ဖော်ပြရာပါအချက်များမှာ မြန်မာပြည်၌ ဖြစ်ပျက်၍နေသောအခြေအနေများနှင့်ပတ်သက်သည့်အချက်များသာဖြစ်သဖြင့် သတင်းစာ၊ မဂ္ဂဇင်းအလုပ်နည်းစနစ်အကြောင်းနှင့် လုံးလုံးလျားလျားမသက်ဆိုင်သေးပေ။ အကျယ်ကိုပြရမည်ဆိုလျှင် ကျမ်းကြီးတစ်စောင်ဖြစ်ဖို့ရှိသောကြောင့် ဤပညာကို အင်္ဂလိပ်ဘာသာဖြင့်တတ်နိုင်သော ခေတ်ကာလပညာတတ်များကိုသာ တိုက်ထိုင်အယ်ဒီတာအဖြစ်နှင့် ထားအပ်လေသည်။ သို့မဟုတ်ချေက တစ်မူးတန်ကြောင့် တစ်ရာတန်ပျက်သည့်စကားမျိုးအတိုင်း ဖြစ်တတ်လေသည်။

သတင်းစာအလုပ်မှာ အတတ်ပညာတစ်ခုဖြစ်သော်လည်း စည်းမျဉ်းပုံသေမရှိသဖြင့် သင်ခန်းစာဟူ၍မရှိပေ။ သဘောဉာဏ်သာ



ပဓာနဖြစ်လေရာ ထိုသဘောဉာဏ်မှာ ဥရောပတိုင်းနည်းစနစ်များကို အမီပြုရာ၌ အသုံးပြုရသော သဘောဉာဏ်ဖြစ်ရကာ အကောင်းဆုံးသော အင်္ဂလိပ်–အမေရိကန်–ဂျပန် သတင်းစာများကို ဖတ်ရှုနည်းမိနိုင်သောပုဂ္ဂိုလ်များမှတစ်ပါး အခြားသူများကို ပင်တိုင်အယ်ဒီတာအဖြစ်နှင့်ခန့်ချေက အောက်တန်းစားသတင်းစာအဖြစ်မှ တက်နိုင်ဖို့မရှိပေ။

အများအားဖြင့် မြန်မာစာသက်သက် တတ်သူများသည် သတင်းစာ၌ စာကလေးအနည်းငယ်ရေးမိလျှင် အယ်ဒီတာဟု မိမိတို့ကိုယ်ကို မှတ်ထင်တတ်ကြလေသည်။ အယ်ဒီတာဆိုသည်မှာ အဘယ်အဓိပ္ပာယ်ရှိသည်ကိုမသိကြပေ။ အယ်ဒီတာဆိုသည်မှာ ထုတ်ပေးသူဟုအဓိပ္ပာယ်ရှိရာ အဘယ်စာမျိုးကို ထုတ်ပေးရမည်ဟူသော ဝေခွဲနိုင်သောဉာဏ်၊ ပြည်သူပြည်သား၏စိတ်ဓာတ်ကို သိသောဉာဏ်၊ နိုင်ငံရေးအခြေအနေကိုသိသောဉာဏ်၊ အဘယ်စာမျိုးကို အဘယ်လိုပုဂ္ဂိုလ်ထံမှ ရအောင်ယူရမည်ဟူသောဉာဏ်၊ ဤလိုဉာဏ်မျိုးရှိဖို့လိုလေသည်။ မိမိတို့ကိုယ်တိုင် စာတွေကိုထိုင်၍ ရေးရန်မလိုပေ။

သို့သော်လည်း သတင်းစာ၌ ရေးထုံးရေးနည်းရှိလေသည်။ ဤအရာ၌ သတင်းစာတစ်စောင်နှင့်တစ်စောင် တူဖို့မလိုပေ။

အချို့သော မြန်မာသတင်းစာများမှာလည်း နိုင်ငံခြားအရေးကိစ္စများနှင့်ပတ်သက်၍ အဘိဓမ္မာထက် နက်နဲခက်ခဲသကဲ့သို့ ရေးကြသောကြောင့် ရုတ်တရက်ဖတ်၍နားမလည်နိုင်ပေ။

သို့ဖြစ်လေရာ သတင်းများရှင်းလင်းနားလည်အောင် ရေးတတ်သော ပညာတတ်ပုဂ္ဂိုလ်ကောင်းများကို ထားရလေသည်။

ထိုလူများမှာ အင်္ဂလိပ်စာကိုလည်းကောင်း၊ ဥရောပဘာသာ

စကားသုံးလေးမျိုးကိုသော်လည်း ကောင်းစွာနားလည်၍ မိမိနားလည်သော အကြောင်းအရာကို မြန်မာဘာသာစကားဖြင့် ပီသ ပြတ်သား လွယ်ကူစွာရေးနိုင်သူများ ဖြစ်ရလေသည်။

●

## အယ်ဒီတာချုပ်

အယ်ဒီတာချုပ်လုပ်သူ သွင်းစာများကို ကြည့်ရှုစစ်ဆေးသူများမှာ အရာရာ၌ အတော်အတန်နားလည်၍ သင့်မသင့် လျော်မလျော်ကို သိတတ်သောဉာဏ်ရှိဖို့လိုလေသည်။

အဘယ်သတင်းသည် တိုင်းပြည်အတွက်အကျိုးရှိမည်၊ အဘယ်သတင်းသည်ကား အကျိုးမရှိ။ အဘယ်သတင်းကို တိုင်းပြည်ကကြိုက်သော်လည်း အဘယ်လောက်သာအကျိုးရှိမည်၊ အကျိုးရှိသော်လည်း အကျိုးမယုတ်ဘဲ စောင်ရေတိုးနိုင်သောသတင်း ဖြစ်သည်။ အစိုးရဥပဒေနှင့်ဆန့်ကျင်သည်၊ မဆန့်ကျင်သည်။ သတင်းစာ၏ဂုဏ်ကို ထိခိုက်မည့်စာဖြစ်လေသလား စသည့်အကြောင်းအရာများကို ဝေဖန်တတ်သောအသိဉာဏ်လိုလေသည်။

အငြင်းအခုံ အပြန်အလှန်ရေးရာ၌ အဘယ်မျှလောက်သာ ရေးသူများကို အခွင့်ပေးဖို့ကောင်းသည်။ အဘယ်စကားများကို ပြုပြင်ပြောင်းလဲဖျက်သင့်သည်ဟူသောအကြောင်းများကိုလည်း သိရလေသည်။

သို့သော်လည်း လာသမျှဆောင်းပါးများကို အယ်ဒီတာသည်

အကုန်အစင်ဖတ်နိုင်မည်လားဟု မေးရန်ရှိ၏။

ဖတ်ရမည် အစကအဆုံးတိုင်အောင် ဖတ်ဖို့ကား မလိုပေ။ အယ်ဒီတာသည် တောတောင်၌ ရတနာများကို ရှာသောသူအလား စာကောင်းစာမွန် ဝတ္ထုကောင်း စသည်များကို ရှာရလေရာ ပို့စာဟူသမျှကို ဖတ်ရလေသည်။ မဖတ်ဘဲထားချေက အဘယ်စာကောင်းသည်၊ မကောင်းသည်ကို သိမည်မဟုတ်သည့်ပြင် ချီးမြှင့်ထိုက်သူကို ချီးမြှင့်ရန်အရေးနှင့်ပတ်သက်၍ လေးစားဂရုမပြု ပေါ့လျော့ရာ ကျပေလိမ့်မည်။

အစမှအဆုံးတိုင် စာဟူသမျှကို ဖတ်ဖို့မလို၊ စာကိုဖတ်ရာ၌ မိမိကိုယ်တိုင် စိတ်ဝင်စားလောက်အောင် ကောင်းချေက မဖတ်ပါနှင့်ဟု ပြောသော်လည်း ရမည်မဟုတ်ပေ။ စာတို့သည် ရှည်သည်မှာ ပဓာနမဟုတ်။ ကောင်းလျှင် ရှည်လေ ဖတ်သူများ နှစ်သက်သဘောကျလေဖြစ်လေသည်။ မကောင်းဘဲ ရှည်၍နေလျှင်ကား အကျိုးမဲ့ဖြစ်လေသည်။

သို့ဖြစ်လေရာ ဆောင်းပါးများကိုဖတ်ရာ၌ အချိုးအစားမကျ နည်းလမ်းမမှန် တရားလမ်းမဖြောင့် သဘောသဘာဝမပါ။ အရသာလည်းမရှိ။ ရေးသူ၏စိတ်နေသဘောထားပုံလည်း မကောင်း။ ဤအချက်အားလုံးကိုဖြစ်စေ၊ တစ်ခုခုကိုဖြစ်စေ တစ်နေရာရာမှာ တွေ့ရသည့်အခါ ဆက်၍ဖတ်လျှင် အကျိုးရှိမည်၊ မရှိမည်။ အနည်းငယ် ပြုပြင်လျှင်ရမည် မရမည်ဟူသောအကြောင်းကို လျင်မြန်စွာသိဖို့လိုလေသည်။

သို့သိရသောအခါ ကုလားထိုင်နဘေး၌ တောင်းအသင့်ရှိသည်ကို သတိရလိမ့်မည်။

အယ်ဒီတာအခန်းကို သူသူငါငါ လွယ်ကူစွာဝင်ရောက်နိုင်ခွင့်



မရှိအပ်ပေ။

သတင်းစာများမှာ အယ်ဒီတာ မည်သူမည်ဝါက ထုတ်နေသည်ဟူသောအသိသည် ဖတ်သူတို့၏စိတ်၌ မပေါ်ကောင်းပေ။ သတင်းစာရွက်များက ပြောနေသကဲ့သို့လည်းကောင်း၊ အကောင်အထည်မရှိသော သန့်ရှင်းသော ဝိညာဉ်တော်၊ ဉာဏ်တော်ကြီးတစ်ပါးကပြောနေသကဲ့သို့လည်းကောင်း၊ မှတ်ထင်ရအောင် စီမံရလေသည်။

၎င်းပြင် အယ်ဒီတာမှာ ထင်မြင်ချက်အရာ၌ ခုံသမာဓိဖြစ်လေရာ အယ်ဒီတာ၏ကုလားထိုင်၌ ထိုင်၍နေစဉ် တစ်စုံတစ်ယောက်ဝင်ရောက်ကာ ပေါ့ပေါ့ဆဆ စာတွေကိုထည့်ရအောင် ထင်မြင်ချက်အရာ၌ ၎င်းသွေးဆောင်ခြင်းမပြုနိုင်အောင် ကာကွယ်စောင့်ရှောက်ရလေသည်။

၎င်းပြင် မြန်မာသတင်းစာများ၌ အယ်ဒီတာများသည် မိမိတို့ကိုယ်တိုင် ခေါင်းကြီးကို ရေးလေ့ရှိ၏။

ခေါင်းကြီးဆိုသည်မှာ အရေးကြီးသော ပေါ်ပင်အကြောင်းအရာများကို ရေးရလေရာ ၎င်းအကြောင်းအရာများနှင့်ပတ်သက်၍ သိစရာအကျိုးအကြောင်းဟူသမျှကို သိအောင် ကြိုးစားရသောအလုပ်သည် သေးငယ်သောအလုပ်မဟုတ်။ စာကို များစွာဖတ်ရလေသည်။ သို့ဖြစ်လေရာ အလုပ်များသောအယ်ဒီတာမှာ ခေါင်းကြီးကို ရေးချက မှားတတ်သောကြောင့် ပညာအရည်အချင်းကောင်းစွာပြည့်စုံမှည့် ဝင်းလျက် ခေတ်ကာလဆိုင်ရာ လောကီရေးရာအကျိုးအကြောင်း၊ အဖြစ်အပျက်များကို တတ်သိနားလည်လျက် အကြားအမြင်နှင့် ပြည့်စုံသောပုဂ္ဂိုလ်များကို အသုံးပြုရလေသည်။

သို့ပင် အသုံးပြုစေကာမူ တစ်ခါတစ်ရံ ၎င်းပုဂ္ဂိုလ်မျိုးသော်

မှ မရေးအပ်သည့်ခေါင်းကြီးမျိုးလည်း ရှိနိုင်လေသည်။

ဥပမာ။ ။ စပါးဆန်အလုပ်နှင့် ပတ်သက်၍နေသော အချိန်အခါ၌ ထိုအလုပ်များအကြောင်းကို ကောင်းစွာနားလည်သူတစ်ဦးဦးကို မေးမြန်းစုံစမ်း၍သော်လည်းကောင်း ရေးရ၏၊ သို့မဟုတ် အရေးခိုင်းပြီး စာချောအောင်ပြုပြင်၍ထည့်ရ၏။ အချို့လည်း ဤလိုစာမျိုးကို ဝယ်၍ယူရလေသည်။

သတင်းစာမဂ္ဂဇင်းပိုင်ရှင်များသည် ရည်ရွယ်ချက်သဘောထားပုံ၊ အဘယ်ပါတီ ဘယ်ဝါဒမျိုးထားရှိပုံတို့ကို အယ်ဒီတာအား ပြောပြပြီး ဝင်စွက်ပြောဆိုခြင်းမပြုဘဲ လွတ်စွာနေရာ၏။ သို့သော်လည်း မြန်မာသတင်းစာများမှာ ထိုမျှလောက် မကြီးကျယ်သဖြင့် ကိုယ်တိုင်သတင်းစာအလုပ်ကို တတ်သိဖို့ရန်မခက်လှပေ။ ကိုယ်တိုင်လုံးလုံးမျှနားမလည်သောအလုပ်ကိုလည်း ငွေထုတ်၍လုပ်ကြမည်မဟုတ်ပေ။

## ဝတ္ထုရေးနည်း

နာမည်မရသေးသောသူသည် ဝတ္ထုရှည်ကြီးမျိုးကိုရေးလျှင် နာမည်ရဖို့ခက်၏။ ၎င်း၏ရှည်လျားသောဝတ္ထုများကို မည်သူမျှ အချိန်ကုန်ခံ၍ ဖတ်မည်မဟုတ်ပေ။ သို့ဖြစ်လေရာ တိုနိုင်သမျှ တိုသောဝတ္ထုကလေးများကို စ၍ရေးရာ၏။ ထိုအခါ အယ်ဒီတာများမှာ အားလပ်သည့်အခါ ဖတ်ကြလိမ့်မည်။ ဂျာနယ်စာများဖြင့် နာမည်အတော်အတန်ရပြီးသူများအတွက်ကား သာ၍လွယ်လေသည်။ သို့သော်လည်း ပင်ကိုဉာဏ်မရှိက အဘယ်မျှပင်နည်းလမ်းပြသော်လည်း မဖြစ်နိုင်။ သင်၍လည်းမတတ်။ ဘီအေ၊ အမ်အေ၊ ပထမကျော်အောင်ဖို့လွယ်၏။ ဝတ္ထုရေးဆရာကောင်းဖြစ်ဖို့ကားမလွယ်။

ဤနည်းလမ်းများကား ပင်ကိုဉာဏ်ရှိလျက် စနစ်ကိုမသိသောကြောင့် နှောင့်နှေးကြန့်ကြာ၍ နေသူများအတွက်ဖြစ်၏။ ပင်ကိုဉာဏ်မရှိသူတို့ကား အဘယ်မျှလောက်ပင် ပညာတတ်စေကာမူ မဖြစ်နိုင်ပေ။ မည်သူပြ၍မျှလည်း တတ်မည်မဟုတ်ပေ။

မြန်မာစာတတ်ပုဂ္ဂိုလ်ကြီးတစ်ယောက်က ယခုကာလဝတ္ထုမျိုးကို တစ်နေ့ ၁၀ ပုဒ်ပြီးအောင် ရေးနိုင်သည်ဟုပြောဖူး၏။ ကမ္ဘာပေါ်

၌ အကျော်ဆုံးဝတ္ထုရေးဆရာကြီးများသော်မှ တစ်နေ့လျှင် ဝတ္ထုအတိုကလေးတစ်ပုဒ်ပြီးဖို့ခက်လေ၏။ ဆယ်ပုဒ်ပြီးလျှင် ဝတ္ထုမဟုတ်တန်ရာ။ မဟုတ်တန်းတရားတွေသာ ဖြစ်ဖို့ရှိလေသည်။

ဤစကားမျိုးကိုဆိုသော မြန်မာပညာရှိသည် မိမိ၏ဇာတိကိုဖော်ပြသည်ဖြစ်သော တောက်တဲ့သာ ဖြစ်ရာ၏။ မြတ်စွာဘုရားသော်မှ ဇာတ်တော်များနှင့် လူသတ္တဝါများကို သင်ပြတော်မူခဲ့လေသည်။ ယခုအခါ၌လည်းကောင်း၊ ရှေးခါ၌လည်းကောင်း ကမ္ဘာလုံးကျော်ကြားသူများသည် ဇာတ်ဝတ္ထုပုံပြင်ဆရာများဖြစ်ကြလေ့သည်။

ဝတ္ထုသည် လူ၏စိတ်ကို နားလည်သူတို့၏အလုပ်ဖြစ်၏။ စိတ်ပညာတတ်ရမည်မဆိုလို။ အချို့သောသူများမှာ အလိုလိုသိကြလေသည်။

မိမိရေးသောဝတ္ထု၌ ပါသောဇာတ်ကောင်တို့သည် သဘာဝကျဖို့လို၏။ ဖတ်သူများ၏စိတ်ကို အဘယ်ပုံဆွဲရမည်ဟူ၍လည်း သိဖို့အရေးကြီးလေသည်။

သတင်းစာတစ်မျက်နှာနှင့် ဇာတ်ကွက်လယ်အောင် ရေးတတ်ခြင်းသည် လွယ်သောအလုပ်မဟုတ်။ အရေးမကြီး။ ဖတ်သူ၏ဉာဏ်ဖြင့် သိလောက်သောအချက်များကို မြှုပ်၍ ဖတ်သူတို့၏စိတ်ကို နှိုးကြွစေသော အရေးကြီးသောအချက်များကိုသာ ရေးဖို့လိုလေသည်။

ဝတ္ထု၌ အစသည် လွန်စွာအရေးကြီး၏။ မိုးကိုချဲ့၊ နေကိုချဲ့၊ လေပြေကိုချဲ့ကာ အကြောင်းမဲ့အရမ်းမရေးရပေ။ ဖတ်သူ၏စိတ်ကို နှိုးဆွစေသောနည်းဖြင့် စရေလေသည်။

"ဦးကျော်သည် စားပွဲပေါ်ရှိ စာရင်းစာအုပ်ကို ပိတ်ပြီး ကုလားထိုင်မှထ၍ ဆေးပြင်းလိပ်ကိုမီးခြစ်၍ ညှိပြီး မျက်နှာကိုရှုံ့ကာ ရင်ဘတ်ကို ညာဘက်လက်နှင့် အုပ်လိုက်၏။ ထို့နောက် လဲကျ၍



သွားလေ၏"

ဤသို့စလိုက်သောအခါ ဖတ်သူ၏စိတ်သည် နိုးကြွ၏။ ရှေ့ကိုဆက်၍မဖတ်ဘဲ မနေနိုင်တော့ပေ။

အိမ်အတွင်းမှ ဒင်ဒင်ဒင်ဒင်ဟု နာရီသံသည် အိမ်ကြီး၏အတွင်းမှ ထွက်ပေါ်လာ၏။ မြန်မာဦးစွန်းကုမ္ပဏီ သူဌေးဦးမြတ်ကျော်သည် မှည့်ဝင်းခန့်ညားသော ရွှေကြိုးနှင့် ရွှေနာရီကို နာရီအိတ်မှထုတ်ကာကြည့်၏။ စာရင်းစာအုပ်ကိုပိတ်ပြီး ကုလားထိုင်ကိုနောက်သို့တွန်းဆုတ်၍ထ၏။ တဖြည်းဖြည်း အားယူ၍ထပြီးနောက် စားပွဲပေါ်ရှိ ရွှေကလစ်နှင့် ဖောင်တိန်ပင်ယူ၍ အင်္ကျီနာရီအိတ်မှာထိုးညှပ်ပြီးနောက် လျင်မြန်စွာ ရင်ဘတ်ကို ညာလက်နှင့်အုပ်လျက်မျက်နှာကိုရှုံ့ကာ လဲကျ၍သွားလေ၏။

ပထမအလိုက်ကို ဖတ်ပြီးနောက် ဖတ်သူ၏စိတ်မှာ ရှေ့ကိုဆက်ရန် ထက်သန်၍နေ၏။ ဒုတိယစာပိုဒ်ကိုဖတ်ရာ၌ ရှည်လျားသဖြင့် စာပိုဒ်အဆုံးမှာ အေး၍သွား၏။ သို့ဖြစ်၍ ရေးချိုးပြီးမှပဲ ဖတ်ပါတော့မယ်လေဟု အောက်မေ့ကာ စာအုပ်ကို လက်မှလွှတ်၍ချတတ်လေသည်။

ဝတ္ထုအစ အကျိုးမဲ့သွယ်ဝိုက်ခြင်းသည် ဖတ်သူ၏စိတ်ကို မောစေ၍ ညည်းငွေ့စေ၏။

တကယ့်လောကအဖြစ်အပျက်၌ မောင်တင်က မယ်ခင်အားနင် ငါ့ကို ကြိုက်မလားဟုမေး၍ မဖြစ်ပေ။ ဝတ္ထု၌ကား စာဖတ်သူ၏စိတ်ကို နည်းမျိုးဖြင့် နှိုးရ၏။ သို့ဖြစ်လေရာ ဝတ္ထု၌ အရေးမကြီးသောအချီးများမှာ သရုပ်တူအောင် အမြဲစေ့စပ်သေချာ၍ နေဖို့မလို။ ဖတ်သူ၏စိတ်ကိုနှိုးသောနည်းက ပိုမို၍အရေးကြီးလေသည်။

ဖတ်သူများ၏စိတ်ကိုလည်းမနှိုး။ ဖတ်သူများ မိမိတို့ဘာသာ

သိနိုင်သော အကြောင်းအရာများကို ငြီးငွေ့ဖွယ်ဖြစ်အောင် ရေးခြင်းသည် စာကြောင်းများသလောက် ငြီးငွေ့ဖွယ်ဖြစ်စေ၏။

ညည်းယောကျ်ား ပုလိပ်ဖမ်းသွားပြီဟု တိုက်ရိုက်မပြောကြသော်လည်း ဝတ္ထုမှာ ထိုသို့တိုက်ရိုက်ပြောမှုဆွဲ၏။

အချို့စာရေးဆရာများမှာ စိတ်ကူးဉာဏ်မရှင်းသဖြင့် သွယ်ဝိုက်ရှည်လျားစွာ မိုးချီး၊ လေချီး၊ တိမ်ချီး၊ တောချီး အချည်းအနှီးတွေနှင့် စကြလေသည်။ ၎င်းတို့သည် စွတ်မိ၍ နာမည်ရသောစနစ် မသိသော ဝတ္ထုရေးဆရာတို့၏နည်းကို ဘုမသိ ဘမသိ အတုခိုးကြသူများ ဖြစ်ကြလေသည်။ မြန်မာပြည်၌ အပေါစားပုံနှိပ်ရောင်းချသူများရှိရာ ၎င်းတို့လည်း စာရေးဆရာတစ်ယောက်ယောက်ကို နာမည်ရအောင် လုပ်ပေးနိုင်၏။ စာရေးဆရာတော်၍မဟုတ်။ အကောင်းအဆိုးမသိသော စာဖတ်သူများနှင့် အချောင်ပုံနှိပ်ထုတ်ဝေသူများကြောင့် နာမည်ရကြခြင်းဖြစ်လေသည်။

စကားနှင့်အစချီသောနည်းလည်း စိတ်ကိုဆွဲစေနိုင်လေသည်။ သို့သော်လည်း ယခုကာလမှာ စကားနှင့်စခြင်းသည် နေးသဖြင့်များစွာမလိုလားကြပေ။ သို့ဖြစ်လေရာ စကားနှင့်စာသား တစ်လှည့်စီခင်း၍စတတ်ကြ၏။

"ငါတို့ အခု ညားပြီးပြီ၊ အဲဒါကခက်တယ်"

"ဘာပြောတယ်၊ ညားပြီးပလား"

မောင်လှသည် စကားပြန်၍မပြောဘဲ ပက်လက်ကုလားထိုင်၌ထိုင်လိုက်လေ၏။

အသွင်အားဖြင့် မောင်ခင်ပြောသောစကားများကို သဘောကျဟန်မရှိသော်လည်း သည်းခံသောအမူအရာနှင့် နားထောင်ဟန်ရှိ၏။ သို့သော်လည်း မောင်ခင်၏အမေးစကားကို ကြားသောအခါ ဒေါထ



၍လာသဖြင့်

"ညားပြီး ဘာဖြစ်သလဲ" ဟု ပြောလိုက်လေ၏။

တစ်ခါတစ်ရံ စကားတစ်လုံးကိုပြောခြင်းဖြင့် စ၏။ ထို့နောက်မှ အကြောင်းအချိတ်အဆက်ကို စာသားနှင့် ရှင်းလင်းတတ်၏။ ဤနည်းလည်း တစ်နည်းကောင်းပင်။

"ကျွန်တော်တော့ ခွကျပြီ။ စာရင်းမှာ ငွေတစ်ထောင်လျော့နေတယ်" ဟု အမျိုးသားဘဏ်မန်နေဂျာမောင်မြက ဦးခအား ပြော၏။ ထိုအခါ၌ နှစ်ယောက်စလုံးတိုက်ရှေ့တွင် တိုက်က စီကာအလာကို စောင့်၍နေကြလေ၏။

မောင်မြသည် ဤလျှို့ဝှက်သောအကြောင်းကို မည်သူအားမျှ မပြောဘဲ မျိုသိပ်ခဲ့သည်မှာ ခြောက်လကြာခဲ့ပြီးမှ ထိုနေ့ညနေ၌ ဆက်လက်၍ လျှို့ဝှက်ခြင်းငှာ မစွမ်းနိုင်တော့သည်ဖြစ်ရကား မတတ်သာ၍ ပြောလိုက်ရခြင်းဖြစ်လေ၏။

ဦးခသည် အံ့အားသင့်လျက် စကားမပြောနိုင်ဘဲ မောင်မြ၏ မျက်နှာကို ကြည့်၍နေလေ၏။ ထိုအခိုက် ၎င်း၏သမီးကလေး ကားတစ်စင်းနှင့်ရောက်၍လာလေ၏။

"ဩော်... ကိုမြ ကျွန်မက ဖေဖေတစ်ယောက်တည်းမှတ်လို့၊ တွေ့ရတာ ကျွန်မ အများကြီးဝမ်းသာတယ်။ မာပါရဲ့နော်..."

ဤအစ၌ပြောသော မောင်မြ၏စကားသည် ဖတ်သူ၏စိတ်ကို နိုးကြားစေလေ၍ သိချင်အောင် ဖန်တီးလိုက်၏။ လမ်းပြခြင်းအလုပ်မှာ စကားများစွာ သုံးဖို့မလိုပေ။

သို့သော်လည်း ဤစနည်းမျိုး၌ အတိတ်ကို ပြန်၍ဖော်ရသောအလုပ်မများမှကောင်း၏။ မောင်မြနှင့် ဦးခင် သမီး ညနေချမ်းကန်တော်ကြီး၌ မြက်ခင်းပေါ်မှာထိုင်၍ ချစ်တင်းစကားပြောဆို ကျီစယ်

၍နေသည့်အကြောင်းကို အကျယ်တဝင့်ပြန်၍ပြောခြင်းမပြုရပေ။ အတိတ်အဖြစ်အပျက်များကို စကားအနည်းငယ်နှင့် ရေလယ်အောင် ပြနိုင်ဖို့ရှိမှသာ ဤနည်းမျိုးကို အသုံးပြုရလေသည်။ ထိုကဲ့သို့စပြီးမှ အတိတ်ကိုဆောင်ကာ လေပြေလေညှင်းရနံ့သင်းသည့် မြိုင်တွင်းကွင်းစ လရောင်ခသည့် ကြည်နူးဖွယ်ကောင်းလှသော ညဦးအခါ ရာသီမေဒနီ... စသည်ဖြင့် ပြန်လှန်ကာ အကျယ်ကြီး ချီး၍မဖြစ်ပေ။

ထိုကဲ့သို့ချစ်ဦးအစ အဝတ္ထုပွတ္တိကို ဖော်ပြခြင်းသည် ကြည်နူးဖွယ်ကောင်းသော်လည်း အထက်နည်းအတိုင်း ဝတ္ထုကိုခုလပ်မှစရာ၌ ပြန်ပြောင်းရေးခြယ်ခြင်းပြုချေက တရားလွန်ရာကျလိမ့်မည်။

မောင်အိုသည် စကားအခြေအတင်ပြောရာ၌ လျင်မြန်သော ဉာဏ်ရှိ၏။ စကားပြောရာများ၌ နားထောင်သူများ တဝါးဝါးရယ်ရ၏ဟု ရေးသားဖော်ပြရုံနှင့်မပြီး။ တကယ် မောင်အို စကားပြောသဖြင့် တဝါးဝါးရယ်စရာဖြစ်သောအချက်အလက်များနှင့် ရယ်သူများ ပါရှိစေရမည်။

ထို့အတူ ခင်ခင်လေးအလှမှာ မြို့ပေါ်တွင် ပြိုင်ဘက်ကင်း၊ ကြယ်ရံသည့်လမင်းဟု ရေးခြယ်ပြီး ပရိသတ်ထဲသို့ ခင်ခင်ကလေး ဝင်အလာမှာ ၎င်း၏ရည်းစားမှတစ်ပါး မည်သူမျှ ဂရုမစိုက်ဘဲနေချေက ရေးခြယ်သမျှသည် မဟုတ်မမှန်ဖြစ်ဖို့သာ ရှိလေသည်။

သို့သော်လည်း ဝတ္ထုအစ၌ ထိုမျှလောက် စေ့စပ်သေချာဖို့ မလိုပေ။ အစမှာ အမှုလိုက် ရှေ့နေသည် အမှုကို သက်သေအထောက်အထားမရဘဲ တရားသူကြီးသိအောင် အကြမ်းပြောလေ့ရှိသလို ဝတ္ထုအစ၌ အတိုရုံး၍ ဖော်ပြခွင့်ရလေသည်။ နောင်ဝတ္ထုအထည်ကိုယ်ဖြစ်၍လာသောအခါ၌ကား အလှကိုထောက်ခံသောအဖြစ်အပျက်အခြေအနေ၊ ဇာတ်ကွက်ကလေးတွေကို သွင်းရလေသည်။ မသွင်းလျှင်



ယုတ္တိကင်းပေလိမ့်မည်။

ဝတ္ထုတိုကိုရေးပြီးနောက် ပြန်၍ဖတ်ပြီး ပြုပြင်ရမည်။ ပထမရေးရာ၌ စာကြောင်းများကို ကြဲကြဲထားရမည်။ သို့မှသာ ထပ်၍ပြင်သောအခါ ရှင်းလင်းမည်။

ဝတ္ထုများမှာ အဆွဲကောင်းက အလွမ်းအသော မစုံလင်ဘဲလျက် စွဲနိုင်လေသည်။

ဆွဲနည်းမှာ လျှို့ဝှက်ခြင်းဖြင့်လည်းကောင်း၊ ရှေ့၌ အဘယ်လို စခန်းသွားမည်ကိုလည်းကောင်း၊ စာဖတ်သူတွေးခေါ်၍ မရအောင်လည်းကောင်း သိလိုသောစိတ်ကို နှိုးခြင်းဖြစ်လေသည်။

ဥပမာ– မိန်းမတစ်ယောက် ရေထဲခုန်ချ၍ သေရန်ကြံစည်ပုံကို ရေးရာ၌ စာဖတ်သူစိတ်၌ သေမှာကိုစိုးအံ့။ တကယ်သေလိမ့်မည်လားဟု တွေးခေါ်ပူပင်အောင် ရေးရမည်။

ဝတ္ထုမှာ အသေနှင့် ဇာတ်လမ်းသိမ်းမည်၊ အကွဲနှင့် ဇာတ်လမ်းသိမ်းမည်ဟူသောအကြောင်းကို ဇာတ်လမ်းဖြင့် အတော်အတန်ရိပ်မိနိုင်၏။ များစွာသောဇာတ်တို့မှာ အကွဲဇာတ်၊ သေဇာတ်မဟုတ်။ အပေါင်းဇာတ်ဖြစ်ကြောင်းကို တင်ကြို၍သိ၏။ ဇာတ်လည်း သေတော့မလိုလို ကွဲရတော့မလိုလို ဖြစ်အောင်ရေးသောအခါ ကွဲလျှင်ဇာတ်ပျက်မည်။ စာရေးဆရာလည်း ကေန်ခွဲမည်မဟုတ်၊ အသေခိုင်းမည်မဟုတ်ဟု တွေးခေါ်လေ့မရှိ။ စိုးရိမ်လျက်ပင် နေတတ်လေသည်။ ဤကား ဆပ်စပင်းခေါ် အဆွဲဖြစ်လေသည်။

သို့ဖြစ်လေရာ ဇာတ်လိုက်မိန်းမပျိုသည် ရေထဲဆင်း၍သေရန်ကမ်းထိပ်၌ပြင်၍နေ၏။ စာရေးဆရာ၏စိတ်ကူးမှာ မသေရ။ တံငါလှေသမား လာ၍ကယ်ရမည်ဟု စီစဉ်၍ထား၏။ သို့ဖြစ်လေရာ အောက်ပါအတိုင်းရေး၏။

အရှေ့ဘက် ကောင်းကင်မှ ရောင်နီတက်လာ၏။ မထင်ရှားသော သဏ္ဌာန်တစ်ခု ကမ်းထိပ်၌ ရပ်၍နေသည်ကို တံငါလှေတစ်စင်းသည် မနီးမဝေးမှမြင်ရ၏။ ရောင်နီသည် မထင်ရှားသော သဏ္ဌာန်၏ လှုပ်ရှားသောဆံပင်များကို ရွှေရောင်ဖြင့် ဆိုးလိုက်၏။ တစ်မိနစ်ခန့်ကြာသောအခါ ရေထဲသို့ ဒိုင်ဗင်ထိုး၍ဆင်းလေ၏။

ဤကဲ့သို့ရေးလျှင် ဖွဲတော့မည်မဟုတ်ပေ။ အကြောင်းမူကား တံငါလှေသမားများ လာ၍ကယ်တော့မည်ဟူသောအကြောင်းကို စာဖတ်သူသိပြီးဖြစ်၏။ မသေနိုင်ဟူသောအသိသည် အစွဲစိတ်ကို လျော့စေ၏။ သို့ဖြစ်လေရာ တံငါလှေအကြောင်းကို ဖော်ပြခြင်းသည် ဇာတ်ကွက်၏အားအရှိန်ကို ပျက်စီးစေလေသည်။

ဘိုးမြစ်သည် ရွာသို့အပြန် သန်းခေါင်ကျော်အချိန်တွင် ရန်သူနှင့်တွေ့မည်ဟုမှတ်ထင်လျက် တထိတ်ထိတ်နေ၏။ စာဖတ်သူ၏စိတ်၌လည်း ရန်သူနှင့်တွေ့၍ သေမှာကိုစိုး၏။ ရန်သူနှင့်မတွေ့၊ မိတ်ဆွေနှင့်တွေ့အံ့။ အဘယ်ပုံရေးမည်နည်း။

ဘိုးမြစ်သည် လမ်းခုလပ်သို့ ရောက်သောအခါ မီးရထားဘူတာရုံဘက်မှ သံချောင်းခေါက်သံနှင့် ဗာရားဘာဂျားဟိုး... ဟူသော ကုလား၏အသံကိုကြားရ၏။ ထိုအသံ ပျောက်ကွယ်၍သွားသောအခါ "ဟေ့ ဘိုးမြစ်၊ အောင်မယ် မင်း တွေ့မှတွေ့ပါတော့မလားလို့ အောက်မေ့မိတယ်" ဟူသော ဘိုးသစ်၏အသံကို ကြားရသဖြင့် အားတက်၍သွားလေ၏။

ဤကဲ့သို့ရေးလျှင် ဇာတ်လျော့ဖို့တည်း။ အစွဲဇာတ်ရှိတော့မည်မဟုတ်။ မတ်မတ် မတ်မတ်နှင့်လာသောသူ၏ထိပ်ကို ဟုန်တိန်နှင့် ချလိုက်ရာ တုန်းကနဲလဲသလို ဇာတ်ဝတ္ထုလဲပြိုစေသောနည်းဖြစ်လေသည်။ အောက်ပါနည်းနှင့် ယှဉ်ကြည့်လေ။



ဘိုးမြစ်သည် တထိတ်ထိတ်နှင့် လှည်းလမ်းတစ်လျှောက် လာခဲ့၏။ ပတ်ဝန်းကျင် လယ်ပြင်များမှာ ကိုင်စမ်း၍ရလောက်အောင် ထူထဲသောမှောင်တပ်ကြီးကိုသာ မြင်ရ၏။ ကောင်းကင်မှာလည်း ကြယ်များကိုမမြင်ရ။ မိုးသားတွေဖုံး၍နေ၏။ လေသံကိုလည်း မကြားရသဖြင့် လောကဓာတ်သည် အသေလို အိပ်မောကျ၍နေသည်နှင့်တူလေ၏။ ထိုနေရာသည်ကား ရွာနှစ်ရွာစပ်ကြား ကျွဲစားကျက်တောထဲဖြတ်၍သွားသော မြေလမ်းကလေးနှင့် လှည်းလမ်းမှာ ဆက်လုခမန်းဖြစ်သောနေရာဖြစ်၏။ လှည်းလမ်းကိုလိုက်လျှင် ရွာကို မရောက်နိုင်။ ကျွဲစားကျက်မြေလမ်းမှာ ရွာကိုပို့သော ဖြတ်လမ်းကလေးဖြစ်၏။ သို့သော်လည်း ထိုတောကို ဖြတ်ရမည်မှာ စိတ်မချဖွယ်ရာဖြစ်သည်ကား အခြားကြောင့်မဟုတ်။ ရန်သူတော်များအတွက် ထိုတောသည် အချက်ကောင်းသောတောဖြစ်၍နေလေ၏။

ထိုနည်းဖြင့် အခြေအနေကို ဖတ်သူစိတ်ဝင်စားအောင် ရေးခြယ်ရ၏။ ထို့နောက် ဆက်ကာ

အရှေ့ဘက်ကိုကြည့်လိုက်သောအခါ မီးရထားဘူတာရုံ၏ မှေးမှိန်သေးသိမ်ညှိုးငယ်သော မီးနီကလေးကို အဝေးမှမြင်ရ၏။ ထိုမီးသည် တစ်ကိုယ်တည်း ခရီးသွားသူ၏စိတ်ကို တစ်ကိုတည်းဖြစ်ကြောင်း ပိုမို၍သိစေသည်နှင့်တူလေသည်။

ထိုအတွက် မီးရထားရုံမှ သံချောင်းခေါက်သံကို ကြားရလေရာ အတော်ကလေးအားတက်သလိုဖြစ်၍သွား၏။ တစ်ကိုယ်တည်းအားငယ်သူတို့မှာ လူကိုပင်မတွေ့ရသော်လည်း လူ၏အသံသည် တစ်နည်းနည်းနှင့် အဖော်ကဲ့သို့ အဖော်ဖြစ်၏။ လူ၏အသံကိုမျှ မကြားရက လူ၏လက်ဖြင့် ထုရိုက်တီးခေါက်သောအသံသည် တစ်နည်းနည်းဖြင့် အဖော်ပြု၏။ ထိုအသံတိတ်၍သွားသောအခါ သာ၍

အားငယ်ပြန်လေ၏။

ထိုအခါ အခြားအသံကိုအဖော်မပြုရက မိမိ၏အသံကို မိမိ အဖော်ပြုမည်။ ရန်သူတော်များကြားလျှင်လည်း ငါကြောက်သူ မဟုတ်ဟု မှတ်ထင်ကြလိမ့်မည်။ အကယ်၍ ၎င်းတို့ချောင်းမြောင်း၍ နေချေက ငါ့အသံကိုပင် မကြားကြရစေကာမူ ငါ့ကိုမြင်ကြမှာပဲဟု အောက်မေ့ကာ "ကျားမရဲတစ်" ဟူသောစကားလို "စုံတောမြိုင်ဝ သာလှဂနိုင် ရေအိုင်ကြာတော သောသောညစာ..." စသည်ဖြင့် ဟစ် လိုက်လေရာ အဝေးမှ ထိုတေးသံကို တစ်စုံတစ်ယောက်က ထပ်၍ဆို သည်ကို ကြားရလေ၏။

အသံပျောက်၍သွားမှ ပဲတင်သံမှန်း သိရလေ၏။ ပဲ့တင်သံမှန်း သိရသောအခါ နာနာဘာဝများ မိမိကိုအရေးမထားလောက်သဖြင့် စိတ်မပါတပါ ပြောင်လှောင်ကာ မိမိတို့ကိစ္စရှိရာသို့ သွားကြသကဲ့သို့ မှတ်ထင်မိလေ၏။

သို့တေးတစ်ပိုဒ်ဆိုပြီးနောက် ပဲ့တင်သံဝေးကွယ်၍ သွားသော အခါ နောက်တစ်ပိုဒ်ဆက်ပြန်လေ၏။ ထိုအပိုဒ်မဆုံးခင် ရှေ့လမ်း **အကွေ့၌ရှိသော** ညောင်ကြပ်ပင်အောက်မှ မထင်ရှားသောသဏ္ဌာန် **တစ်ခုထွက်ကာ** လမ်းဘေး၌ထိုင်သည်ကို မြင်ရလေ၏။

ထိုညောင်ကြပ်ပင်ကို နတ်ရဲညောင်ပင်ဟူ၍လည်း ခေါ်သဖြင့် နာနာဘာဝလားဟုတွေးကာ ဦးခေါင်းကြီး၍သွားလေ၏။ ရှေ့သို့ မတိုးဘဲရပ်၍နေလေ၏။

တအောင့်လောက်ကြာသောအခါ ထိုသဏ္ဌာန်သည် ထိုင်ရာမှ ထလေ၏။ မတ်တတ်ရပ်လျက် အဘယ်ကိုမျှမသွား၊ မိမိဘက်ကို ကြည့်၍နေဟန်ရှိလေ၏။

ကေန် တစ္ဆေမဟုတ်ဘူး၊ ဖိုးတုတ်တို့လူစုပဲဟု အောက်မေ့ကာ



လုံချည်အောက်၌ ပေါင်မှာကပ်ထားသော ဆောင်ဓား၏အရိုးကို ကိုင်လေ၏။

အဘယ်မျှ ရဲရင့်သူဖြစ်စေကာမူ ဘေးမတွေ့မီ တွေ့လိမ့်မလား ဟု စိုးရိမ်ရသောအခါမှာ ကြောက်၏။ သို့ကြောက်၍ နေရာတွင် ရန်သူနှင့် ရင်ဆိုင်တွေ့သောအခါ စွန့်စားသောစိတ်သည် အကြောက် ကို မေ့လျော့စေ၏။

ငါတစ်ယောက်တည်းတော့ မသေဘူးဟုပြောကာ မဆိုင်းမတွ သွားလေ၏။ သဏ္ဌာန်သည်ကား ရပ်လျက်ပင် အင့်ဟင် ဘယ့်နှယ် လဲ။ ငါ့ကို နွားဆိတ်လိုအောက်မေ့ပြီး အနားရောက်မှ ဆီးပိုင်းမယ် ကြံသလား။ သည်လောက်တောင် လွယ်မယ်မထင်နဲ့ဆရာဟုတွေး ကာ သွားလေရာ နှစ်လံကွာလောက်ရောက်သောအခါ "အမယ်မင်း လူ့နှယ် ကိုယ့်မှား စိတ်များပူလို့ တကယ်ပဲ..."

ဤကဲ့သို့စွဲလျှင် မစွဲဘဲ နေနိုင်မည်မဟုတ်ပေ။ သို့ဖြစ်လေရာ ဝတ္ထုရေးရာ၌ အခန်းတိုင်း အကွက်တိုင်း လွမ်းစရာ ဆွေးစရာ ရယ် စရာ အံ့စရာတွေ ပါနိုင်မည်မဟုတ်ပေ။ ပြောပလောက်အောင် ကြီး ကျယ်သောအချက်အလက်တစ်ခုမျှ မရှိဘဲလျက်လည်း ဤနည်းဖြင့် ဇာတ်ကိုစွဲအောင် ရေးနိုင်လေသည်။

လျှို့ဝှက်ခြင်းမှာလည်း ဝတ္ထုတစ်ခုမှာကဲ့သို့ အကြောင်းမဲ့ တမင်သက်သက် မည်သူမည်ဝါ မဖော်ဘဲရေးနည်းမျိုးကို လျှို့ဝှက် ခြင်းဟု မခေါ်ရပေ။ ၎င်းဝတ္ထု၌ သူငယ်မကလေးတစ်ယောက်ဟူ သောစကားနှင့် ဇာတ်ဆုံး၏။ မည်သူမည်ဝါဟု ဆုံးသည်တိုင်အောင် မသိရပေ။ လျှို့ဝှက်ဖို့အကြောင်းလည်း လုံလောက်အောင်မရှိပေ။ ဝတ္ထုတစ်ခုလုံးမှာ ထိုကဲ့သို့ နာမည်မဖော်ဘဲ လျှို့ဝှက်လျှင် အစအဆုံး တိုင် ဘာကိုမျှသိမည်မဟုတ်ပေ။ ထိုနည်းမျိုးကို လျှို့ဝှက်ခြင်းဟု

မဆိုရပေ။ လျှို့ဝှက်ရာ၌ အကြောင်းလုံလောက်စွာ ရှိစေရမည်။ သို့မဟုတ် ဖတ်သူစိတ်၌ လှုပ်ရှားခြင်းတစ်မျိုးမျိုးကို ဖြစ်စေရမည်။ မသိရုံသက်သက်အတွက် လျှို့ဝှက်ခြင်းမပြုရပေ။

ဝတ္ထုဇာတ်လမ်းကို စကားဖြင့် သယ်ယူခြင်းသည် ဝေဿန္တရာဇာတ်ကဲ့သို့ အစကအဆုံးတိုင် စာရေးဆရာ၏အာဘော်ကိုသုံးခြင်းထက် လပ်ဆင်၏ဇာတ်ကြောင်းကို စကားဖြင့်ဆောင်မှ ပို၍ဖတ်ကောင်းသောအချက်တွေလည်းရှိ၏။ ထိုကဲ့သို့ စကားနှင့်ဆောင်တိုင်းလည်း ဖတ်၍မကောင်း။ စာများရုံလည်း ရှိတတ်လေသည်။ စကားဖြင့်ဇာတ်ကိုဆောင်ရာ၌ ဖတ်၍လည်းကောင်း၊ စာမျက်နှာလည်း လွန်စွာများဖို့ရှိချေက စာရေးဆရာ၏အာဘော်ဖြင့် အတိုရုံးတန်သည့်အခါ ရုံးရလေသည်။

ဥပမာ– မောင်ခမှာ မယားသေ၍ ကလေး ၃ ယောက်ကို ထိန်းဖို့ အိမ်ထောင်မှုပြုစုဖို့ရန်အတွက် မတင့်ခေါ် အိမ်နီးချင်းမုဆိုးမကိုခေါ်၍ထားရန်ကြံ၏။ မတင့်နှင့်မောင်ခမှာ ကံတူအကျိုးပေးဖြစ်သဖြင့် နှစ်ယောက်စလုံး တစ်ယောက်ကိုတစ်ယောက် ကူညီစောင်မလိုသော စေတနာသက်ဝင်၍ နေကြလေ၏ဟု ရေးမည့်အစား....

မောင်ခသည် အိမ်ရှေ့၌ကစား၍နေသော ကလေး ၃ ယောက်ကိုကြည့်ကာ စဉ်းစား၍နေလေ၏။ ထိုအခိုက် မတင့်ရောက်၍လာပြီး ကလေးအငယ်ဆုံး ငခွေးကို ကိုင်ယူချီမြှောက်နမ်းရှုံ့လေ၏။

ခ။ ။ မတင်ရယ်– နင်ပဲ ဒီအကောင်တွေကို ကြည့်ပါတော့ကွယ်။ နင်နဲ့ငါလည်း ကံတူအကျိုးပေး၊ နင့်မှာတော့ တစ်ယောက်မှမရှိဘူး။ ငါ့မှာတော့ ဒီအကောင်သုံးယောက်အတွက် ခက်တာပဲ။

တင့်။ ။ မတော်တာ ကိုခကလည်း၊ လူပြောစရာဖြစ်နေ



မှာပေါ့ဟု ရှက်ကိုးရှက်ကန်းနှင့်ပြောလေ၏။ ၎င်း၏မျက်လုံးမှာကား ကလေးကိုမြှူရာမှ မောင်ခ၏ဘက်သို့ လစ်ခနဲ လစ်ခနဲ ရောက်လေ၏။

ခ။ ။ ကဲ့ရဲ့ဘာဖြစ်သလဲ၊ လောကမှာ ချစ်လို့ကြိုက်လို့ယူကြရင် ကဲ့ရဲ့သလား။

တင့်။ ။ ကိုခက ချစ်လို့ကြိုက်လို့ ယူဖို့ပြောတာမှမဟုတ်ဘဲကိုး။ ပြောပုံက...

ခ။ ။ ပြောပုံက ဘာဖြစ်သလဲ၊ ဒါပဲမဟုတ်လား။ ဟယ်မယ်တင့်ရယ်။ နင် ငါ့မယားလုပ်ပါတော့ဟယ်လို့ ကရင်လို ပြောရမှာလားဟင်...

တင့်။ ။ တော်ပါ၊ နောက်တောက်တောက်နဲ့။ မယားသေတာဖြင့် တစ်လမပြည့်သေးဘူး...

ခ။ ။ တစ်လထက်ပိုစောင့်ရင်လည်း ပြန်လာမှာမဟုတ်ဘူး။ ဖိုးလှိုင်သေတာ ခြောက်လတောင်ကျော်ပြီ။ နင် စောင့်နေတာပြန်လာရဲ့လားဟုပြောပြီး မတင့်၏နားနားသို့ကပ်ကာ အဲဒီခြောက်လဟာ အလကားဟာတာတာကြီးဖြစ်မနေဘူးလား။ ဘာကောင်းသလဲ ငါ နင့်ကိုသနားလို့၊ ဒင်းတို့အမေရှိတုန်းကတည်းက နင့်ကို ငါသနားနေတာ။ ငါက ကြိတ်ပြီး...

တင့်။ ။ တော်ပါ...

ခ။ ။ တော်နိုင်ပေါင်၊ စမှမစရသေးဘူး။ ငခွေးက မေမေတစ်ယောက် ရှာပေးပါလို့ပြောတယ်။ မေမေတစ်ယောက် မွေးစားချင်တယ်တဲ့...

မတင့်လည်း ငခွေးကိုပွေ့ကာ "ဟုတ်လားငခွေး၊ မေမေတစ်ယောက် အဟုတ်မွေးစားချင်သလား။ ဘယ်မေမေကို မွေးစားချင်

သလဲ။ ပြစမ်း ပြစမ်း" ဟုပြောရာ ငခွေးက မတင့်၏ရင်ဘတ်ကို ပုတ်၍ပြလေ၏။

တင့်။ ။ သြော်... ဒီမေမေ... အဲလေ ဒီကိုလား။ ဒေါ်ဒေါ့်ကိုလား အာဂကောင်ကလေး...

ရယ်ရွှင်ဖွယ်မှာ အထူးမကြံရ။ စေ့စေ့စပ်စပ် အနုတွေစိတ်၍ ရေးသည့်အခါ သေချာခြင်းမှ မဆီမဆိုင်အချက်ပေါ်၍လာတတ်၏။ မဆီမဆိုင်ကား ရယ်စရာပင် အဖိုးအိုက ကလေးလိုဝတ်ခြင်း၊ ကလေးက ဘုရားတကာလိုပြောခြင်း၊ မျောက်ပါးစပ်က နတ်စကားထွက်ခြင်း၊ ဘုရားတကာက ကာလသားစကားပြောခြင်း၊ အသေးအဖွဲကို အကြီးအကျယ်လုပ်ခြင်း၊ သရုပ်သဏ္ဍာန်တူအောင် ရေးခြယ်ခြင်း ဇာတိကို မဖော်အပ်သောနေရာ၌ ဖော်ပြမိဟန်ရေးခြယ်ခြင်း၊ အရေးမကြီးတန်သောနေရာ၌ ကြီးဟန်၊ အရေးကြီးသောအခါ၌ အေးဆေးဟန်ဆင်လိုက်ရာ၌ ဝမ်းနာ၍ တောထိုင်ဖို့နေရာရှာဟန်၊ ပုလိပ်များလိုက်၍ထွက်ပြေးသော ခါးပိုက်နှိုက်နှစ်ယောက် ဆိုင်တစ်ဆိုင်ပွင့်၍ နေသည်ကို ပြေးရင်းမြင်သဖြင့် တစ်ယောက်က ဝင်၍သုတ်လိုက်ရ ရင် အချောင်ဘဲ သူငယ်ချင်းဟုပြောကာ ဇာတိကိုမဖော်တန်သောနေရာ၌ ဖော်ခြင်း စသည်တို့သည် ရယ်စရာဖြစ်လေသည်။

အလွမ်းအဆွေးသည် အဝေးအကွဲ အတိတ်ကိုတွေးခေါ်တမ်းတခြင်းဖြစ်၏။ ကြေကွဲခြင်းကား သနားစရာအခြေအနေများနှင့် ဆိုင်ရာ ချစ်သူချင်းအထင်လွဲခြင်း၊ သားအမိ သားအဖ အထင်လွဲ၍ ရက်စက်မိခြင်း၊ ရက်စက်စွာ မပြုဘဲမနေနိုင်၍ ပြုရခြင်းမျိုးဖြစ်ရာ ကူညီ၍ကြေကွဲသော အဖော်တစ်ယောက်ယောက်ပါရှိရာ၏။ လွမ်းခန်းကွဲခန်း၌ လူပျက်တစ်ယောက် ကူ၍လွမ်းရသောနည်းမျိုး ဖြစ်လေသည်။



အချုပ်မှာ ဝတ္ထုကောင်းများကို ဖတ်ရမည်၊ မှတ်ရမည်။ ဖြစ်နိုင်သောအရာကို မဖြစ်နိုင်အောင်မရေးရ။ မဖြစ်နိုင်သောအရာ၊ ဖြစ်ခဲသောအရာများကို ဖြစ်အောင်ရေးရမည်။

တောကလူတစ်ယောက် ပညာတတ်ရုပ်ချော၊ ဆင်းရဲသောငှင်းသည် တော၌ ဆွေမျိုးသားချင်းများ ဂုဏ်ပြိုင်သည်ကို မခံချင်၍ ရန်ကုန်သို့လာ အလုပ်ရှာရင်း သူဌေးသမီးတစ်ယောက်၏ကားနှင့် တိုက်မိ၊ သူဌေးသမီးက ကားပေါ်ပွေ့တင်၊ ဆေးရုံသို့ပို့၊ သူဌေးသမီးက သနား၊ ဆေးရုံကဆင်း၊ သူဌေးသမီးက အလုပ်ရှာပေး၊ သူဌေးသမီးနှင့်ကြိုက်၊ ဧရာမကားကြီးနှင့် လင်မယားနှစ်ယောက် တောရွာသို့သွားပြီး မော်ကြ။ ဤနည်းသည်ဖြစ်နိုင်၏။ သို့သော်လည်း ဖြစ်လေ့မရှိ။ ဝတ္ထုကောင်းမဖြစ်နိုင်။

သို့ဖြစ်လေရာ ဖြစ်နိုင်အံ့။ သို့သော်လည်း ဖြစ်ခဲအံ့ မရေးလေနှင့်မဖြစ်နိုင်။ သို့သော်လည်း ဖြစ်မယ်ဆိုလျှင် ဖြစ်နိုင်အံ့။ ရေး... ကောင်း၏။

ဥပမာ– ဖြစ်နိုင်ခဲသော အောက်ပါဇာတ်လမ်း... သူငယ်တစ်ယောက် တိုက်ထိပ်ပေါ်တက်ပြီး စွန့်လွှတ်၏။ စွန့်လွှတ်ရာမှ မှန်ဖုံးထားသော အမိုးကိုနင်းမိ၏။ မှန်ကွဲပြီး အခန်းတစ်ခုထဲသို့ ကျသွားရာ ခုတင်ပေါ်၌အိပ်နေသော မိန်းမပျိုကလေးနှင့် ထပ်ရပ်သားဖြစ်နေ... ဤဇာတ်မျိုးမှာ မဖြစ်နိုင် (ဝါ) ဖြစ်နိုင်ခဲလှ၏။ သို့သော်လည်း ဖြစ်မယ်ဆိုလျှင် ဖြစ်နိုင်၏။ မဖြစ်စရာအကြောင်းမရှိပေ၊ ကောင်း၏။

ဝတ္ထုရေးဆရာမှန်က တစ်မျိုးမျိုးမှာ သန်တတ်၏။ တိုင်းပြည်က အဘယ်ဝတ္ထုမျိုးကိုမှ ကြိုက်သည်၊ အသောမှ ကြိုက်သည်၊ အလွမ်းမှကြိုက်သည်၊ စုံထောက်မှ ကြိုက်သည်၊ လျှို့ဝှက်သော ဇာတ်မျိုးမှကြိုက်သည်၊ စွန့်စားသောဇာတ်မျိုးမှ ကြိုက်သည်ဟု မထင်နှင့်။

ဤအထင်မျိုးကြောင့် ရုပ်ရှင်တွေမှာ ဒိုင်ဗင်ခေတ်၊ သိုင်းခေတ်၊ အထိုးအသတ်ခေတ်ဟု မှတ်ထင်ကာ မှားခဲ့ကြလေသည်။

အဘယ်ဇာတ်မျိုးမဆို စွဲလော်က်အောင်ကောင်းလျှင် လူကြိုက်များ၏။ အချစ်ကား အသက်ပမာရှိစေရမည်။

ဇာတ်ကောင်များမှာ သရုပ်တူစေရမည်။ မြန်မာရုပ်ရှင်များမှာကဲ့သို့ သူဌေးကတော်ကို ငါးသည်နှင့်မတူစေရ။ ဆရာဝန်ကို ဘတ်စ်ကားဒရိုင်ဘာနှင့်မတူစေရ။ တူအောင်ခြယ်ရမည်။ စကားပြောခန်းများ၌ အချို့သောဝတ္ထုများမှာလို တစ်သန်တည်းမပြောစေရ။ သူပြောလည်း သည်လေပေါက်၊ တခြားသူပြောလည်း သည်လေပေါက်၊ တစ်ပေါက်တည်းမထွက်စေရ။ လက်သမားစကားမှာ ရူးဆောက်သံပါတတ်၏။ ရှေ့နေသည်စကားပြတ်သား၍ အချက်ကျ၏။ ဘုန်းကြီးလူထွက်မှာ ဆတော်သံပါစေရမည်။ အမူအရာဟန်မှာလည်း ထို့အတူကွဲပြားရလေသည်။

●